mgyoe.com SAMPLE BOOK


ကံ့ကော်ဝတ်ရည်

တက္ကသိုလ်ဝင်တန်း မြန်မာစာ

မေးခွန်းပုံစံသစ်နံပါတ် ၆(ခ) အတွက်

စာစစ်အတွေ့အကြုံရှိဆရာ/မများရေးသားထားသော

# ကံ့ကော်အဆိုများ



mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ်ဝင်တန်းမြန်မာစာ

မေးခွန်းပုံစံသစ်နံပါတ်၆(ခ)အတွက်

# ကုံကော်အဆိုများ

- ဒေါက်တာမူမူအေး
- ဒေါက်တာမင်းမော်သန့်
- ဒေါက်တာသန်းထိုက်
- ဒေါက်တာဇော်လွင်
- ဒေါက်တာညီညီလှိုင်
- ချို(မြန်မာစာ)
- တင်ခိုင်(မြန်မာစာ)
- ဒေါ်စုစုသာ
- မင်းမျိုးမင်း
- ဦးသိန်းအောင်ရွှေ
- ဒေါ်အိအိမွန်
- ဖြိုးသိင်္ဂီ

K0348

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | - ဦးကျော်ခင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)<br>၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ပထမအကြိမ် | - ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။ |
| အုပ်ရေ | - ၁၀၀၀ |
| မျက်နှာဖုံးပုံနှိပ်နှင့်<br>အတွင်းပုံနှိပ် | - စွယ်တော်ပုံနှိပ်တိုက်(၀၀၄၁၁)<br>အမှတ်(၁၄၇)၊ (၅၁)လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးဒီဇိုင်း | - သော်သိင်္ဂါ |
| တန်ဖိုး | - ၃၅၀၀ ကျပ် |


mgyoe.com

mgyoe.com SAMPLE BOOK

တက္ကသိုလ်ဝင်တန်း မြန်မာစာ

မေးခွန်းပုံစံသစ်နံပါတ် ၆(ခ) အတွက်

အစစ်အတွေ့အကြုံရှိဆရာ/မများရေးသားထားသော

# ကုံကော်အဆိုများ

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

**ဒေါက်တာမူမူအေး**

၁။ပညာသည် ငွေထက် ပိုအရေးကြီးသည် ၁၁
၂။မိန်းမသည် ယောကျာ်းထက် ပိုတော်သည် ၁၅
၃။စကားများများ ပြောခြင်းသည် လူမှုဆက်ဆံရေးကို ပျက်စေသည် ၁၈
၄။ကျေးလက်တွင် နေထိုင်ခြင်းသည် မြို့ပြထက်ပိုကောင်းသည် ၂၁
၅။ငြင်းခုံခြင်းသည် ဆွေးနွေးခြင်းထက် ပိုကောင်းသည် ၂၄
၆။ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းပါသည် ၂၆
၇။ကိုယ်ချင်းစာစိတ် ရှိခြင်းက ကောင်းသည် ၂၉
၈။ကုသခြင်းသည် ကြိုတင်ကာကွယ်ခြင်းထက် ပိုကောင်းသည် ၃၂
၉။ကြောင်သည် ခွေးထက် ပိုချစ်စရာ ကောင်းသည် ၃၄
၁၀။သီချင်းဆိုခြင်းသည် လူ့စိတ်ကို ပိုကြည်နူးစေသည် ၃၇
၁၁။ဆရာများသည် ဆရာမများထက် သင်ကြားရေးတွင် ပိုတော်သည် ၄၀
၁၂။သုတစာပေ ဖတ်ရသည်က ရသစာပေ ဖတ်ရသည်ထက်ပိုကောင်းသည် ၄၃
၁၃။ကျောင်းဆင်းချိန်တွင် အိမ်စာများများ လုပ်ရသည်ကကောင်းသည် ၄၇
၁၄။မြန်မာစကားပြောရာတွင် အင်္ဂလိပ်စကား ညှပ်ပြောရသည်မှာကောင်းသည် ၅၀
၁၅။အစ်မကို အစ်ကိုထက် ပိုချစ်သည် ၅၃

**ဒေါက်တာခင်မော်သန့်**

၁၆။ စိတ်ပူတတ်တာ ကောင်းတယ် ၅၇
၁၇။ စိတ်ပူတတ်တာ မကောင်းဘူး ၆၁
၁၈။ အနားယူပြီးမှ စာကျက်တာ ကောင်းတယ် ၆၄
၁၉။ အနားယူပြီးမှ စာကျက်တာ မကောင်းဘူး ၆၈
၂၀။ အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှုရှိတာ ကောင်းတယ် ၇၁

mgyoe.com

mgyoe.com SAMPLE BOOK

၂၁။အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းတယ် ၇၅
၂၂။ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည် ၇၈
၂၃။ပျော်ရွှင်မှုကို ငွေနှင့် မရှာနိုင် ၈၀
၂၄။ပုဂ္ဂလိကကျောင်းတွေ များများပေါ်လာတာ ကောင်းတယ် ၈၄
၂၅။ကျောင်းသားလူငယ်တိုင်း အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်သင့်သည် ၈၇
၂၆။စိတ်ခံစားချက် များတာ မကောင်းဘူး ၉၀
၂၇။ကျောင်းသားလူငယ်တိုင်း ကွန်ပျူတာပညာကို တတ်သင့်သည် ၉၃
၂၈။ကျောင်းသားလူငယ်တိုင်းသည် မိခင်ဘာသာစကားကို ကျွမ်းကျင်သင့်သည် ၉၆
၂၉။ကျောင်းသားလူငယ်တိုင်း အပေါင်းအသင်းများတာကောင်းသည် ၁၀၀
၃၀။စိတ်ခံစားချက် များတာကောင်းတယ် ၁၀၄

## ဒေါက်တာသန်းထိုက်

၃၁။စကားပြေ သင်ရခြင်းထက် ကဗျာ သင်ရခြင်းက ပို၍ နှစ်သက်ဖွယ် ကောင်းသည် ၁၀၉
၃၂။သုတစာပေ ဖတ်ရသည်ထက် ရသစာပေ ဖတ်ရသည်က ပိုကောင်းသည် ၁၁၂
၃၃။ကုသခြင်းသည် ကြိုတင်ကာကွယ်ခြင်းထက်ပို၍ ထိရောက်သည် ၁၁၄
၃၄။ခွေးသည် ကြောင်ထက် သခင်အပေါ် သစ္စာရှိသည် ၁၁၇
၃၅။ပညာသည် ငွေထက်ပို အရေးကြီးသည် ၁၂၀
၃၆။ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းသည် ၁၂၃
၃၇။ညီအစ်ကို မောင်နှမ များဟာ မကောင်းဘူး ၁၂၆
၃၈။အရပ်ပုတာ ကောင်းသည် ၁၂၈
၃၉။ညီအစ်ကို မောင်နှမ များတာ ကောင်းတယ် ၁၃၀
၄၀။ချိုသာသော စကားဖြင့် ကြမ်းတမ်းသော အပြုအမူကို ဖုံးကွယ်၍ မရ ၁၃၂
၄၁။အိပ်ရေးဝဝ အိပ်ခြင်းသည် အားကစား လုပ်ခြင်းထက် ကျန်းမာရေးကို ပိုကောင်းစေသည် ၁၃၅
၄၂။ဆရာမများသည် ဆရာများထက် သင်ကြားရေးကို ပိုမိုစိတ်ဝင်စားသည် ၁၃၈
၄၃။ရုပ်မြင်သံကြား ကြည့်ခြင်းသည် စာဖတ်ခြင်းထက် ပိုအကျိုးရှိသည် ၁၄၁
၄၄။မြို့ပြမှာ နေရခြင်းထက် ကျေးလက်မှာနေရခြင်းကပို၍ ပျော်ရွှင်ဖွယ် ကောင်းသည် ၁၄၄
၄၅။ခေါင်းဆောင်ဖြစ်တာ ကောင်းသည် ၁၄၈

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာခေါ်လွင်


၄၆။ ယနေ့ခေတ်သည် ပညာခေတ် ဖြစ်သည် ၁၅၁
၄၇။ မိုးရာသီသည် အပူ အအေးမျှ၍ ကျန်းမာရေးအတွက် သင့်လျော်သည် ၁၅၄
၄၈။ သစ္စာတရား ရှိခြင်းသည် လူတို့ကို ကောင်းကျိုးပြုပြီး အောင်မြင်စေသည် ၁၅၈
၄၉။ မည်သည့်အရာမဆို ကြိုတင်ပြင်ဆင်မှု ပြုသင့်သည် ၁၆၁
၅၀။ အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက ဖြစ်သည် ၁၆၄
၅၁။ မြန်မာ့ရိုးရာအစားအစာများသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ကောင်းကျိုး ပြုသည် ၁၆၇
၅၂။ ရိုးသား ဖြောင့်မတ်ခြင်းသည် လူတိုင်းတွင် ရှိသင့်သော စိတ်ထားအလှ ဖြစ်သည် ၁၇၀
၅၃။ ကျေးဇူး သိတတ်ခြင်းသည် လူတိုင်း ပိုင်ဆိုင်သင့်သော စိတ်အလှ ဖြစ်သည် ၁၇၃
၅၄။ လမ်းလျှောက်ခြင်းသည် လူတို့အတွက် အကျိုးရှိသည် ၁၇၆
၅၅။ ဒွဲ၊ လုံ့လ၊ ဝီရိယတို့သည် မိတ်ဆွေကောင်းများ ဖြစ်သည် ၁၇၉
၅၆။ အချိန်သည် တန်ဖိုးအရှိဆုံးအရာ ဖြစ်သည် ၁၈၂
၅၇။ မြန်မာ့ရိုးရာ ပွဲတော်များကို တန်ဖိုးထား ထိန်းသိမ်းသင့်သည် ၁၈၄
၅၈။ မေတ္တာတရားထားရှိခြင်းသည် လူတိုင်းကို ကောင်းကျိုးပြုပြီး မိမိအတွက် အောင်မြင်စေသည် ၁၈၇
၅၉။ သတင်းစာ ဖတ်ခြင်းသည် အကျိုးရှိသည် ၁၉၀
၆၀။ စည်းလုံး ညီညွတ်ခြင်းသည် လူတို့ကို ကောင်းကျိုးဖြစ်စေသည် ၁၉၃


ဒေါက်တာညီညီလှိုင်


၆၁။ ကျောင်းသားလူငယ်များအနေဖြင့် အသင်းအဖွဲ့တွင် ဝင်ရောက် လုပ်ကိုင်ခြင်းသည် ကောင်းသည် ၁၉၇
၆၂။ တိုင်းတစ်ပါး ယဉ်ကျေးမှုများ ဝင်ရောက်လာခြင်းသည် ကိုယ်ပိုင် ယဉ်ကျေးမှုကို ထိခိုက်စေသည် ၂၀၀
၆၃။ ကိုယ်ချင်းစာစိတ် ရှိခြင်းသည် မကောင်းပါ ၂၀၃
၆၄။ အတတ်ပညာထက် အသိပညာက ပိုကောင်းသည် ၂၀၆
၆၅။ အားကစားပွဲများတွင် ဘောလုံးပွဲသည် စိတ်ဝင်စားစရာ အကောင်းဆုံး ဖြစ်သည် ၂၀၈
၆၆။ သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည် ၂၁၂
၆၇။ ခေါင်းဆောင်ဖြစ်ရတာ ကောင်းတယ် ၂၁၅
၆၈။ ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းသည် ၂၁၉


mgyoe.com

mgyoe.com SAMPLE BOOK

ချို (မြန်မာစာ)

၆၉။ အပျိုကြီးဖြစ်တာ မကောင်းဘူး ၂၂၃
၇၀။ ဆောင်းရာသီထက် မိုးရာသီက ပိုလှတယ် ၂၂၆
၇၁။ စိတ်လှခြင်းထက် ရုပ်လှခြင်းက ပိုကောင်းတယ် ၂၂၉

တင်နိုင်(မြန်မာစာ)

၇၂။ အပျိုကြီးဖြစ်တာ ကောင်းတယ် ၂၃၃
၇၃။ ကြမ်းတမ်းသော အပြုအမူကို ချိုသာသော စကားဖြင့် ဖုံးကွယ်၍ မရ ၂၃၆
၇၄။ နွေရာသီသည် ဆောင်းရာသီထက်ပို၍ သာယာလှပသည် ၂၃၉

ဒေါ်စုစုသာ

၇၅။ မြို့ပြမှာ နေရသည်ထက် ကျေးလက်နေရသည်က ပိုကောင်းသည် ၂၄၃
၇၆။ ဆောင်းရာသီသည် မိုးရာသီထက် ပိုမိုလှပသည် ၂၄၆
၇၇။ ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းသည် ၂၄၉

မင်းမျိုးမင်း

၇၈။ စာဖတ်ခြင်းသည် ရုပ်မြင်သံကြား ကြည့်ခြင်းထက် ပို၍ အကျိုးရှိသည် ၂၅၃
၇၉။ ရုပ်ရှင်ကြည့်ခြင်းထက် ဝတ္ထုဖတ်ခြင်းက ပိုကောင်းသည် ၂၅၆
၈၀။ ကဗျာသည် စကားပြေထက် ပို၍ စိတ်ဝင်စားဖွယ် ကောင်းသည် ၂၅၉
၈၁။ စကားများများပြောခြင်းသည် လူမှုဆက်ဆံရေးကို ပိုမိုကောင်းမွန်စေသည် ၂၆၂
၈၂။ ငွေသည် ပညာထက်ပို၍ အရေးကြီးသည် ၂၆၅
၈၃။ စိတ်လှခြင်းထက် ရုပ်လှခြင်းက ပိုကောင်းသည် ၂၆၈
၈၄။ အတတ်ပညာထက် အသိပညာက ပိုအရေးကြီးသည် ၂၇၁
၈၅။ ကြောင်သည် ခွေးထက် ပို၍ ချစ်ဖို့ ကောင်းသည် ၂၇၄
၈၆။ မိဘများသည် သားသမီးများအတွက် အကောင်းဆုံးဆရာများ ဖြစ်သည် ၂၇၇
၈၇။ အရပ်မြင့်ခြင်းသည် အရပ်ပုခြင်းထက် ပိုကောင်းသည် ၂၈၀
၈၈။ ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုကောင်းသည် ၂၈၃
၈၉။ ရသစာပေ ဖတ်ရသည်က သုတစာပေ ဖတ်ရသည်ထက် ပိုကောင်းသည် ၂၈၆
၉၀။ မြန်မာစကား ပြောရာတွင် အင်္ဂလိပ်စကားများကို ညှပ်၍ ပြောခြင်းသည် ကောင်းသည် ၂၈၉
၉၁။ ကျောင်းသား ကျောင်းသူများအတွက် အရက်တရား ရှိခြင်းသည် ကောင်းသည် ၂၉၃

mgyoe.com

mgyoe.com SAMPLE BOOK

ဦးသိန်းအောင်ရွှေ

၉၂။ သစ်ပင် စိုက်ပျိုးခြင်းသည် လူ၏ စိတ်ကို သာယာကြည်နူးစေသည် ၂၉၇
၉၃။ ကျေးလက်မှာ နေရသည်ထက် မြို့ပြမှာ နေရသည်က ပိုကောင်းသည် ၃၀၀
၉၄။ ရေဒီယို နားထောင်ခြင်းသည် သတင်းစာ ဖတ်ခြင်းထက် ပို၍ အကျိုးရှိသည် ၃၀၃
၉၅။ ကျွန်တော်တို့ ရပ်ကွက်သည် ပျော်စရာကောင်းသည် ၃၀၆

ဒေါ်အိအိမွန်

၉၆။ မိုးရာသီသည် နွေရာသီထက် သာယာလှပသည် ၃၀၉

ဖြိုးသီဂိ

၉၇။ အဖေ့ကို အမေ့ထက် ပိုချစ်တယ် ၃၁၃
၉၈။ အမေ့ကိုအဖေ့ထက် ပိုချစ်တယ် ၃၁၇
၉၉။ အစ်ကိုထက် မောင်လေးကို ပိုချစ်တယ် ၃၂၁

mgyoe.com

mgyoe.com SAMPLE BOOK

## ဒေါက်တာမူမူအေး

၁။ပညာသည် ငွေထက် ပိုအရေးကြီးသည်

၂။မိန်းမသည် ယောကျ်ားထက် ပိုတော်သည်

၃။စကားများများ ပြောခြင်းသည် လူမှုဆက်ဆံရေးကို ပျက်စေသည်

၄။ကျေးလက်တွင် နေထိုင်ခြင်းသည် မြို့ပြထက်ပိုကောင်းသည်

၅။ငြင်းခုံခြင်းသည် ဆွေးနွေးခြင်းထက် ပိုကောင်းသည်

၆။ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းပါသည်

၇။ကိုယ်ချင်းစာစိတ် ရှိခြင်းက ကောင်းသည်

၈။ကသခြင်းသည် ကြိုတင်ကာကွယ်ခြင်းထက် ပိုကောင်းသည်

၉။ကြောင်သည် ခွေးထက် ပိုချစ်စရာ ကောင်းသည်

၁၀။သီချင်းဆိုခြင်းသည် လူ့စိတ်ကို ပိုကြည်နူးစေသည်

၁၁။ဆရာများသည် ဆရာမများထက် သင်ကြားရေးတွင် ပိုတော်သည်

၁၂။သုတစာပေ ဖတ်ရသည်က ရသစာပေ ဖတ်ရသည်ထက်ပိုကောင်းသည်

၁၃။ကျောင်းဆင်းချိန်တွင် အိမ်စာများများ လုပ်ရသည်ကကောင်းသည်

၁၄။မြန်မာစကားပြောရာတွင် အင်္ဂလိပ်စကား ညှပ်ပြောရသည်မှာကောင်းသည်

၁၅။အစ်မကို အစ်ကိုထက် ပိုချစ်သည်

mgyoe.com

mgyoe.com SAMPLE BOOK

# ပညာသည် ငွေထက် ပိုအရေးကြီးသည်

ပညာသည် ငွေထက် ပိုအရေးကြီးသည် ဟူသောအဆိုကို ထောက်ခံပါသည်။ လောက၏ အမှန်တရားတစ်ရပ်မှာ "မတည်မြဲခြင်း" ဟူသော အနိစ္စတရားသည်သာ ထာဝရမြဲတည်နေခြင်း ဖြစ်သည်။ ထို့ကြောင့် ရုပ်ခန္ဓာကြီးသည် အစဉ်အတိုင်း ယိုယွင်း ပျက်စီးကြ၏။ ဥစ္စာနေ ငွေကြေးများစွာသည်လည်း ပျက်စီးကြ၏။ အသက်အိုးအိမ် စည်းစိမ်များသည်လည်း ပျက်စီးကြ၏။ မကွယ်ပျောက် မပျက်စီးနိုင်သော အရာတစ်ခုမှာ ပညာဖြစ်သည်။ မည်သို့ ဖျက်ဆီးဖျက်ဆီး ပညာဟူသောအရာသည် မပျက်သည့်အပြင် "အမြဲတော" ဘဝသို့ပင် ပြောင်းလဲပြီး အစွမ်းထက်လာတတ်သည်။ ဤသဘောကို ကြည့်ပါက "ပညာ" သည် တန်ဖိုး အကြီးဆုံးအရာ ဖြစ်သည်။ ထို့ကြောင့် အချိန်တိုင်း၊ စက္ကန့်တိုင်း ရုပ်ဝတ္ထု ငွေကြေးထက် ပညာကိုပို၍ ရှာဖွေစုဆောင်းအပ်ပါသည်။ ပညာစုဆောင်းခြင်းက ငွေကြေးစုဆောင်းခြင်းထက် ပို၍ အကျိုးရှိပါသည်။ "ပညာ" သည် ငွေထက် ပို အရေးကြီးသည်ဟု သဘောပိုက်အပ်ပါသည်။

"ပညာရွှေအိုး လူမခိုးနိုင်" ဟု ပြောဆိုကြသည်။ ငွေကြေးအပါအဝင် လက်တွေ့ရွှေအိုးကြီးများကို လူခိုးယူနိုင်ပါသည်။ ပညာရွှေအိုးတည်း ဟူသော ပညာကိုမူ မည်သို့သော လူဆိုး သူခိုးတို့မဆို ခိုးယူနိုင်ခြင်းငှာ မတတ်နိုင်ပါ။

mgyoe.com

mgyoe.com  SAMPLE BOOK 

ထို့ကြောင့် ပညာကို စုဆောင်းထားပါက အပျက်အစီးမရှိ၊ ဆုံးရှုံးမှုမရှိ။ လေဘေး၊ ရေဘေး၊ မီးဘေး၊ ခိုးသူဘေးကြောင့် မိမိ၏ ငွေကြေးဥစ္စာပစ္စည်း လောင်ကျွမ်းပျက်စီးကုန်သော်လည်း ပညာတတ်မြောက်ပြီး ပညာနှင့် အသက် မွေးသူသည် အသစ်တစ်ဖန် ငွေကြေးဥစ္စာကို ပြန်လည်စုဆောင်း နိုင်စရာ အကြောင်း ရှိပါသည်။ မည်သည့်ပညာမှ မဆည်းပူးထားသူမှာ ငွေကြေးဥစ္စာ ကုန်လျှင် မည်သို့မျှ မတတ်နိုင်။ ဆင်းရဲခြင်းကြီးစွာ ကြုံရပါသည်။ ထို့ကြောင့် ပညာသည် ငွေထက် အရေးကြီးပါသည်။

လူ့ဘောင်အတွင်း မည်သည့်အရေးအရာ ကိစ္စရပ်များတွင်မဆို အမှား အမှန်ကို ဆင်ခြင်တိုင်းထွာ သိမြင်နိုင်သော အသိဉာဏ်ကို ပညာဟု ခေါ်သည်။ ငွေဖြင့် ဝယ်ယူ၍ မရပါ။ လေ့လာသင်ယူမှု၊ အထပ်ထပ် အခါခါ လေ့ကျင့်မှု၊ အကြိမ်ကြိမ် တွေ့ကြုံမှု၊ အချိန်များစွာကို ပေးဆပ်ရင်းနှီးမှုတို့မှသာ ရရှိနိုင်သည်။ ထိုပညာကြောင့် အသက်မွေးရာတွင် ကြီးပွားချမ်းသာမှုကို ရရှိမည်။ အသက်အန္တရာယ် ကျရောက်သည့် ဘေးမှလည်း ပညာဆင်ခြင်သိက ကူကယ်ပေးနိုင်သည်။ ဘဝကို အောင်မြင်စွာ ဖြတ်သန်း လျှောက်လှမ်းနိုင်ရန် အတွက် ပညာသည် ငွေထက် အရေးကြီးလှသည်။ ငွေကြေး အမြောက်အမြား မပျက်စီးအောင် ထိန်းသိမ်းသူမှာလည်း ပညာပင် ဖြစ်သည်။ ငွေကြေးဥစ္စာ ရတနာများစွာရှိအောင် စုဆောင်းပြီးလျှင် ၎င်းကို မပျောက်ပျက်အောင် စောင့်ရှောက် ပေးသော ပညာကို အရေးတကြီး လိုအပ်ပါသည်။

ပညာရောင်ဝါသည် ဆီမီးရာထောင်၏ အလင်းထက် ပိုသည်။ ပညာရှိသူများကို ပွဲသဘင်၊ အခမ်းအနားတိုင်းက လိုလိုချင်ချင် ပင့်ဖိတ်ပြီး ထွတ်အမြတ်တွင် အရာပေးသည်။ ပညာမဲ့သော သူအဖို့ကား ပွဲသဘင် ဝင်ရ မည်ကို ကြောက်ရွံ့ လန့်ထိတ်တတ်ပါသည်။ ပွဲအလယ် ပြော်ဖွယ်ဆိုဖွယ် ရှိပါကလည်း အမှားမှားအယွင်းယွင်း ဖြစ်သည့်အတွက် လူတို့ လှောင်ပြောင်မှု နှင့်သာ ထိုက်တန်သည်။ ပညာရှိသူနောက် ငွေကြေးဥစ္စာ လိုက်ပါလာပါသည်။ ပညာမဲ့သူနောက်သို့ ငွေကြေးဥစ္စာ လာဘ်သပ္ပကာတို့ မလိုက်ပါ။ မိဘ၊ ဘိုးဘွားတို့က ပေးကမ်းထောက်ပံ့ ကြည့်ရှုစောင်မသဖြင့် ရွှေစံအိမ်၊ ငွေစံအိမ် ဖြင့် နေထိုင်ရပါသော်လည်း "ပြာသာဒ်ဖျား၊ ကျီးနားသည်သို့" မတင့်တယ် မလိုက်ဖက်ဖြစ်ပြီး ကျက်သရေ မင်္ဂလာအပေါင်း ရှောင်ကွင်းသွားပေမည်။

mgyoe.com

mgyoe.com SAMPLE BOOK


"မောင်ငယ်ရင်သွေး" ကဗျာကလေးထဲမှ သူဌေးသား၏ ဘဝ အတိုင်း သင်ယူပညာ မရှိ၊ အသက်မွေးပညာ မတတ်၊ လောကီ လောကုတ္တရာပညာ မလေ့လာခဲ့ဘဲ ကြီးပြင်းခဲ့သည်ကြောင့် ရှိသည့်ဥစ္စာ ကုဋေ ကုဋာကို ခိုးသူအပေါင်း ယူ၍ပြေးကာ တိမ်းရှောင်ကြလေသဖြင့် ကုဋေရှစ်ဆယ်သူဌေးသားသည် ခွက်လက်ကိုင်စွဲ တောင်းရမ်း စားသောက်ရလေ၏။ တောင်းရမ်း စားသောက်သည့် ဘဝ၌ပင်လျှင် လူအများ၏ မစာမနာ ရိုက်ပုတ် နှိပ်စက်ခံရလေသည်။ နောက်ဆုံး တော၌ သေရသောဘဝကို ရလေသည်။ ငယ်စဉ်အခါ ငွေထက် အရေးကြီးသောပညာကို မရှာနိုင်ခဲ့သည်ကြောင့် ဖြစ်ရသော ဆိုးကျိုးဒုက္ခမှာ ကြောက်စရာကောင်းလှပါသည်။

ငွေထုပ်ကြီးစွာ ရှိသော်လည်း ကျန်းမာရေးဆိုးရွားမှုကို ကယ်တင်နိုင်ခြင်းဌာ ကုသခြင်း ပညာကို သင်ယူလေ့လာထားသော ဆရာဝန်ထံ ချဉ်းကပ်ရလေသည်။ ငွေထုပ်ကြီးစွာ ရှိသော်လည်း စာရင်းအင်းပညာ၏ ပရိယာယ်ကို မတတ်မြောက်လေရကား တတ်မြောက်သူ စာရင်းအင်းပညာရှင်၏ ခြေစုံအောက် ဒူးထောက်ရလေသည်။ ထို့ကြောင့် မိမိ၌ ဥစ္စာငွေကြေး မြောက်မြားစွာကို ပညာအတွက် ရင်းနှီးကြလေသည်။ ပညာကို ရှာဖွေရန် ငွေကြေးကို လမ်းခင်းကြရသည်။ ငွေကြေး ပြည့်စုံပြီးပါလျှက် ပညာကို ရှာဖွေ စုဆောင်းကြပြန်သည်။ ကာယရုပ်ပစ္စည်း၏ ပျက်စီးဆုံးရှုံးမှုသဘောအရ ငွေကြေး ပစ္စည်းဥစ္စာ အရာရာ ပျက်ကုန်သောအခါ ပညာသာလျှင် ကိုးကွယ်ရာအဖြစ် ဆက်လက်ရှင်သန် ကြီးထွားလေ၏။ ထို့ကြောင့် မပျက်စီးအပ်သော ပညာသည် ငွေထက် အရေးတကြီး လိုအပ်သည်။ စုဆောင်းအပ်သည်။ ရှာဖွေအပ်သည်။

ငွေကြေးဥစ္စာ ရတနာ များစွာသော ပိုင်ဆိုင်မှုများ အရေးကြီးသည်ဟု ထင်မြင်စွဲလမ်းသည်ကြောင့် ငရဲ၊ ပြိတ္တာ၊ အသူရကာယ်ဘဝကို ရောက်သွားကြသော အဖြစ်အပျက် များစွာရှိသည်။ ပညာကမူ ငရဲမကျအောင် ဆင်ခြင်နိုင်သည်ကြောင့် ငရဲတံခါးပိတ်ပြီး ဆင်းရဲခြင်းကင်းသော နိဗ္ဗာန်တံခါးကို ဖွင့်နိုင်လေသည်။ ဘဝအထိုထိုသည် ဆင်းရဲခြင်းများဖြင့် ဖွဲ့နှောင်ထားသည်။ ဆင်းရဲခြင်း သက်သာစေရန် ငွေကြေးဖြင့် တောင့်ထားနိုင်သော်လည်း အလျှင်း ပျောက်ကင်း သက်သာခြင်းမရှိ။ ပညာကသာလျှင် ဆင်းရဲခြင်းအားလုံးကို ကင်းပျောက်စေနိုင်သဖြင့် ပညာသည် ငွေကြေးထက် အရေးကြီးသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


လူတို့ထက် မြင့်မြတ်သော ဘုရင့်သားတော်၊ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားလေးသည် သဗ္ဗညု ဉာဏ်ပညာတော်ကို ရယူနိုင်ရန်အတွက် နန်းစည်းစိမ် အားလုံးကို စွန့်ထားခဲ့သည်မှာ ပညာသည် ငွေထက် အရေးကြီးသောကြောင့် ဖြစ်သည်။

အထက်ပါ အကြောင်းအရင်းများစွာကြောင့် ပညာသည် ငွေထက် အရေးကြီးပါကြောင်း ထောက်ခံခဲ့ရခြင်း ဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# မိန်းမသည် ယောကျ်ားထက် ပိုတော်သည်

မိန်းမသည် ယောကျ်ားထက် ပိုတော်သည် ဟူသောအဆိုကို ကျွန်ုပ် ထောက်ခံပါသည်။ ထောက်ခံရခြင်း အကြောင်းရင်းများကို တင်ပြဆွေးနွေးရသော် မိန်းမတို့သည် ကဗျာနှင့် တူသည်။ သာယာသောအသံ ရှိသည်။ ချစ်စဖွယ် ဟန်ပန် ရှိသည်။ နုနယ်သော အသွင်ကို ဆောင်သည်။ ချစ်ဖွယ်သော စကားကို ဆိုသည်။ ထက်မြက်သော အတွေးနှင့် အလိမ္မာတရားများကို မွေးမြူသူ ဖြစ်သည်။ ကဗျာနားထောင်ရသည်ကို နှစ်သက်သကဲ့သို့ မိန်းမတို့၏အသံ ကင်းမဲ့သော နေရာသည် ချမ်းမြေ့နွေးထွေးခြင်း ဆိတ်သုဉ်းလေသည်။ ထို့ကြောင့် ဝန်းကျင်မိသားစုတစ်ခုတွင် မိခင်ကြီး၊ (သို့) မိခင်ပမာ နွေးထွေးမေတ္တာပေးသော မိန်းမမရှိပါက ချမ်းမြေ့သာယာ နွေးထွေးမှုများ ဆိတ်သုဉ်းနေမည်။ ထို့ကြောင့် မိန်းမသည် ယောကျ်ားထက် ပိုတော်သည်။

သဘာဝအားဖြင့် မိန်းမများသည် ခွန်အားဗလအရာတွင် အားငယ်တတ်ကြသည်။ ထို့ကြောင့် ယောကျ်ားများကဲ့သို့ ကြမ်းတမ်းရက်စက်မှုများကို မနှစ်သက်ကြ၊ ရင်မဆိုင်လိုကြ။ လက်နက်၊ တုတ်၊ ဓားတို့ဖြင့် ခိုက်ရန်ဖြစ်ပွားမှုများကို ရှောင်ရှားကြသည်။ သွေးထွက်သံယို ဖြစ်မှုကို မုန်းကြသည်။ ထို့အတူ ရန်ပွဲများကို ဟန့်တားသော အလိုဆန္ဒ ကြီးစွာ ရှိသည်ကပင်လျှင် မိန်းမတို့သည်

mgyoe.com  SAMPLE BOOK 

ယောကျ်ားတို့ထက် ပိုတော်ခြင်း ဖြစ်သည်။

မိန်းမများသည် ပတ်ဝန်းကျင်ကို သာယာနွေးထွေးမှုကို ပေးနိုင်ကြသည်။ မိသားတစ်စု အတွင်း၌ပင် အမေမရှိသော နေ့များနှင့် ရှိသောနေ့ရက်များ မတူကြ။ အမေရှိလျှင် အိမ်၏ အရောင်အသွေးသည် သစ်လွင်လှပေသည်။ တစ်အိမ်သားလုံး အာဟာရရှိစေရန် မီးခိုးတလူလူ စားစရာပူပူကို ဖန်တီးထားလေ့ ရှိသည်။ ဆာလောင်ခြင်း ကင်းကြသဖြင့် ဒေါသဆင်းရဲဖြစ်ခြင်း ကင်းကြသည်။ ဒေါသတရားသည် မငြိမ်းချမ်းခြင်းကိုသာ ဖြစ်စေသဖြင့် အကျိုးတရား ပျက်စေသော အရာ ဖြစ်သည်။ အဆင်မပြေမှုများစွာက ဒေါသမီးကို တောက်အောင် အားပေးသည်။ အဆင်မပြေမှုများကို အမေ့ထံ ပြောပြဆွေးနွေးခြင်းဖြင့် အနည်းဆုံး စိတ်သက်သာမှု ရသည်မှစ၍ ''မပူနဲ့၊ အမေရှိတယ်'' ဟူသော စကားကလေးဖြင့် နှစ်သိမ့်ပေးခြင်း၊ အမေ၏ တာဝန်ယူမှုပေးခြင်းသည် ခိုလှုံရာ ဖြစ်သည်။ အဖေကမူ ''မင်း အတော်ညံ့တာပဲ'' ဟူသော မှတ်ချက်နှင့်အတူ မိမိ၏ အမှားဖြစ်ပါက ရိုက်နှက် ဆုံးမပေတော့မည်။ ထိုအမေမရှိသော မိသားစုတွင် ''အစ်မကြီး အမိရာ'' ဆိုသည့်အတိုင်း အစ်မနှင့်ညီမများကို အမေ့အသွင် အရာထားနိုင်သည်။ အဖေ၊ အမေ၊ အစ်ကို၊ ညီမောင်တို့ထံမှ ထိုသို့သော နွေးထွေးမှုများ ရမည်မဟုတ်ပေ။ ထို့ကြောင့် မိန်းမသည် ယောကျ်ားထက် ပိုတော်သည်။

သနားကရုဏာစိတ်သည် မိန်းမတို့ထံတွင် ရှိသည်။ သဘာဝတရားကြီးက မိခင်စိတ် တည်းဟူသော သနားကရုဏာစိတ်ကို မိခင်ဖြစ်လာမည့် မိန်းမတို့ထံတွင် အပ်နှံထားသည်။ သနားကြင်နာ ကရုဏာတရားသည် ကိုယ်ချင်းစာတရားကို အဖော်ခေါ်လာသည်။ ကိုယ်ချင်းစာတရားသည် ကမ္ဘာတည်စေသော ဗြဟ္မစိုရ်တရား ဖြစ်သည်။ ကမ္ဘာသူ၊ ကမ္ဘာသားများသည် ကိုယ်ချင်းစာတရား အပြန်အလှန် ထားကြပါက အချင်းချင်း နားလည် ချစ်ကြည်မှုကို ရကြသဖြင့် အေးချမ်းသာယာသော ကမ္ဘာကြီးကို တည်ဆောက်နိုင်ကြပေမည်။ ကိုယ်ချင်းစာတရား၏ မိခင်သည် မိန်းမဖြစ်သည်ကြောင့် မိန်းမသည် ယောကျ်ားထက် ပိုတော်သည်။

တော်လေးဝဝင်များမှာ မိန်းမကြီးနှင်နှင်တည်း။ မိန်းမတို့သည် မိမိတို့အထံ၌ ခွန်အားနည်းပါးသော သဘာဝရှိသည်ကြောင့် ပြဿနာအကြီး အသေးနှင့်

mgyoe.com

mgyoe.com SAMPLE BOOK


ရင်ဆိုင်ရသော အချိန်များတွင် သွေးအေးအေးဖြင့် ရှေ့နောက် ဆင်ခြင်ကြသည်။ အကျိုးဆက်များကို တွေးပူကြသည်။ ခိုက်ရန်မရှိ၊ ရန်မီးမပွားဖို့ နည်းနာရှာကြသည်။ ဉာဏ်ပညာကို လွှာပရိယာယ်ဖြင့် ပေါင်းစပ်ကာ ပြဿနာ ဖြေရှင်းကြသည်။ သွေးအေးခြင်းကြောင့် ဒေါသနည်းပါးသည်။ ဒေါသသည် အမှန်တရားကို သိမြင်မိ၊ အလင်းကို မှောင်မိုက်စေသည်။ မှောင်မိုက်ခြင်း နောက်ကွယ်၌ ဒုစရိုက်တို့ ရှင်သန်သည်။ ဒုစရိုက်ကင်းမှ အေးချမ်းရှင်သန်ခြင်းကို ရနိုင်ပေမည်။ ယောကျ်ားတို့က သွေးဆူလွယ်သော သဘာဝ ရှိသည်။ ဖွတ်တရွတ်နိုင်သည်။ တိရစ္ဆာန်များကဲ့သို့ ခွန်အားဗလကို သုံးပြီး ပြဿနာ ဖြေရှင်းကြသည်။ ဒေါသကြီးခြင်းသည် မကောင်းပါ။ ဒေါသကို ဉာဏ်ပညာက ချွန်းအုပ်နိုင်သည်။ မိန်းမသည် ယောကျ်ားထက် ဉာဏ်ကျယ်သဖြင့် မိန်းမသည် ယောကျ်ားများထက် ပိုတော်သည်။

အောင်မြင်မှု ကြီးကြီးမားမား ရနေသော ယောကျ်ားများ၏ နောက်ကွယ်တွင် ထက်မြက်သော မိန်းမများ ရှိကြသည်။ မဟော်သဓာ ပညာရှိသည် သူ့ဘာဝအတွက် အမရာကို လက်တွဲခဲ့သည်။ ကျွန်ုပ်တို့ နိုင်ငံသည် အကျပ်အတည်း ဆင်းရဲခြင်းများစွာမှ ရုန်းထွက်နိုင်ရန် နိုင်ငံတော် အကြံပေးပုဂ္ဂိုလ်ကို မဲပေးကြသည်။ မိန်းမများသည် သိမ်မွေ့သော နည်းလမ်းကို ရွေးချယ်ပြီး ပြဿနာများကို ဖြေရှင်းသဖြင့် ငြိမ်းချမ်းမှုကို ရနိုင်သည်။

အထက်ပါ အကြောင်းအချက်များကြောင့် မိန်းမများသည် ယောကျ်ားများထက် ပိုတော်သည်ဟု အခိုင်အမာ ထောက်ခံပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## စကားများများ ပြောခြင်းသည် လူမှုဆက်ဆံရေးကို ပျက်စေသည်

စကားများများ ပြောခြင်းသည် လူမှုဆက်ဆံရေးကို ပျက်စေသည် ဟူသော အဆိုကို ကျွန်ုပ် မထောက်ခံပါ။ ကန့်ကွက်ပါသည်။ မထောက်ခံရခြင်း အကြောင်းများကို တင်ပြပါမည်။ ဘာသာစကားသည် အလွန်အရေးပါသော လူမှုဆက်ဆံရေး ကိရိယာဖြစ်သည်။ စကားရှိနေသောကြောင့် တစ်ဦးနှင့်တစ်ဦး သဘောထား ဖလှယ်နိုင်သောကြောင့် အချင်းချင်း နားလည်မှု ရနေကြခြင်း ဖြစ်သည်။ တစ်ဦးတည်း ရပ်တည်ပြီး ရှင်သန်နေထိုင်သွားရန် မလွယ်ကူသော လူ့လောကကြီးတွင် လူများသည် အစုအဖွဲ့ အပေါင်းအစုပြုကာ လက်တွဲညီညာ နေထိုင်ကြရပါသည်။ တစ်ဦးထံမှ ကုန်ထုတ်ပစ္စည်းကို တစ်ဦးက ဝယ်ယူကြရ သည်။ တစ်ဦး ကျွမ်းကျင်သော အရာကို ကျန်တစ်ဦးအတွက် ဝန်ဆောင်မှုပေး ကူညီဆောင်ရွက်ပေးကြပြီး အပြန်အလှန် သဘောထားတူညီမှု ယူကြလျက် အတူစုရုံး နေထိုင်ကြရသည်။ ထိုအခါ ထိုအစုအဖွဲ့ နှစ်ရပ်အတွင်း၌ အချင်းချင်း အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ကြရန် လိုအပ်သည်။ ယုံကြည်မှု ရကြရန် ညှိနှိုင်းကြရသည်။ ဤတွင် ရင်ထဲမှ အလိုဆန္ဒကို ဘာသာစကားနှင့် ထုတ်ဖော် ပြောရန် လိုအပ်သဖြင့် စကားပြောကြရပါသည်။ ညှိနှိုင်းချက်များလျှင် များများ ပြောရသည်။ ညှိနှိုင်းချက်များ ပါမှလည်း ထောင့်စေ့သော ယုံကြည်မှုကို ရရှိနိုင်

mgyoe.com

မည်။ စကားများများ ပြောခြင်းသည် လူမှုဆက်ဆံရေး ပျက်စေသည် ဟူသော အဆိုကို မထောက်ခံပါ။ ကန့်ကွက်ပါသည်။

လူမှုဆက်ဆံရေး ဟူရာတွင် အလွန်ကျယ်ပြန့်သည်။ ဆက်ဆံကြရသော လူမှုကိစ္စရပ်များ အမျိုးမျိုးအပြားပြား ရှိသည်။ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး၊ ယဉ်ကျေးမှု ဆောင်ရွက်ထိန်းသိမ်းရေး၊ ဘာသာတရားပိုင်းဆိုင်ရာ လှူရေးတန်းရေး၊ ပတ်ဝန်းကျင် နေထိုင်ရာရပ်ကွက်အတွင်း သာရေး၊ နာရေး၊ မင်္ဂလာအရေးကိစ္စ စသည်ဖြင့် အလွန်ကျယ်ဝန်းကြသည်။ တစ်ဦးနှင့်တစ်ဦး တစ်နေရာရာ၌ ဆုံစည်းကြရသည်။ ထင်းခွေမကြုံ၊ ရေခပ်ကြုံကြရသည်။ ဤတွင် ပဋိသန္ထာရစကား ပြောရ ဆိုရသည်။ ပြောစကားမှ ပြောသူ၏ စိတ်ခံယူချက်ကို တွေ့မြင်ကြရသည်။ ရိုးဖြောင့်ခြင်း၊ ရည်မွန်ခြင်း၊ လူလိုနားလည်ခြင်း၊ မှတ်ယူ ခင်မင်မိကြသည့်နည်းတူ စကားအပြောအဆို ရိုင်းသည်၊ အဆင့်အတန်း နိမ့်သည်၊ ပညာမဲ့သည် စသည်ဖြင့် ရှောင်ကွင်းကြသည်လည်း ရှိသည်။ အထူးသဖြင့် လူတိုင်း မိမိအကျိုးစီးပွားအတွက် အထောက်အကူရရန်အတွက် မိတ်ကောင်းဆွေမွန် ရှာကြပြီး ပေါင်းဖက် ခင်မင်ကြလေသည်။ လူမှုဆက်ဆံရေးတွင် ပြေလည်စေခြင်းအကျိုးငှာ စကားပြောဆိုကြရပေမည်။ မေးဖန်များ စကားရ ဆိုရိုးအတိုင်း မေးမြန်းပြောဆို စကားလက်ဆုံကျရာမှ မိမိအကျိုးစီးပွားအတွက် လမ်းစများကို ရှာတွေ့နိုင်သည်။ ပြောစကားများအရ တစ်ဖက်သား၏ တိုးတက်ရာ လူနေမှုအဆင့်ကို သိလာနိုင်သည်။ သူ့ဘဝ အခက်အခဲကိုလည်း သိလာနိုင်သည်။ သူ့ဘဝ အခက်အခဲ အကျပ်အတည်းကို သိလာသောအခါတွင်လည်း မိမိအနေဖြင့် ကူညီနိုင်သည်များ ရှိပါက လူမှုအကူအညီ ပေးနိုင်သည်။ ကူညီခဲ့သော ကျေးဇူးခံရှိသည်ကြောင့် နှစ်ဦးနှစ်ဖက်အကြား ထောက်ထားညှာတာမှုများ ရှိလာနိုင်သည်။ ထို့ကြောင့် စကားများများ ပြောခြင်းသည် လူမှုဆက်ဆံရေး ပျက်ပြားစေနိုင်သည်ဆိုသော အဆိုကို မထောက်ခံနိုင်ပါ။

လုပ်ငန်းကြီးများတွင် လူမှုဆက်ဆံရေး ချောမွေ့ကြလာမှ အောင်မြင်မှုပန်းတိုင်ရရှိသည်။ ထို့ကြောင့် စကားများများ ပြောရသော ဟောပြောပွဲများ၊ မိန့်ခွန်းများ၊ နှီးနှောဖလှယ်ပွဲများ စသည် စသည်တို့ကို ခင်းကျင်းကြပြီး စကားများများ ပြောပြီး နားလည်မှု ယူကြသည်။ စကားများများပြောနိုင်သူဖြစ်ရန် အတွေ့အကြုံများများရှိရန် လိုအပ်သည်။ စကားမပြောနိုင်သူ ပွဲသဘင်အလယ်

mgyoe.com SAMPLE BOOK

ပြောစရာစကားမရှိသူသည် အတွေ့အကြုံ၊ အဖတ်အယူ၊ အမှတ်အသား နည်းပါးလွန်းသောကြောင့် "အ အကို လှည်းကြိတ်နေသည်သို့" မိမိ အခြေအနေကို တစ်ဖက်သား သိနားလည်ရန်အတွက် အားထုတ်မှု ပြုနိုင်မည် မဟုတ်ပေ။ ထိုသူမျိုးသည် လူမှုဆက်ဆံရေးကဏ္ဍ အလွန်ဆင်းရဲကျပ်တည်း နိုင်ပေသည်။ အကျိုးဆက်မှာ လုပ်ငန်း အောင်မြင်မှု နည်းပါးမည်။ ထို့ကြောင့် စကားများများ ပြောခြင်းသည် လူမှုဆက်ဆံရေး ပျက်ပြားစေသည် ဟူသောအဆို ကို ကန့်ကွက်ပါသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## ကျေးလက်တွင် နေထိုင်ခြင်းသည် မြို့ပြထက်ပိုကောင်းသည်

ကျေးလက်တွင် နေထိုင်ခြင်းသည် မြို့ပြထက် ပိုကောင်းသည် ဟူသော အဆိုကို ထောက်ခံပါသည်။

ကျေးလက်တွင် နေထိုင်ရသည်မှာ အလွန်ကောင်းသည်။ ကျေးလက်ဆိုသည်နှင့် ကျယ်ဝန်း စိမ်းစိုသော ဝန်းကျင်ကျယ်ကျယ်ကို ချက်ချင်း မြင်ယောင်ပေလိမ့်မည်။ စိမ်းစိုသော မြင်ကွင်းသည် စိတ်ဖိအား ဖြစ်မှုကို လျှော့ကျစေသည်။ ကျယ်ပြောခြင်းသည်လည်း ကျဉ်းကျပ်နေသော စိတ်ကို ဖိအားကျရောက်မှု သက်သာစေသည်။ ထို့အပြင် စိမ်းစိုသော သစ်ပင်များသည် လူတို့အတွက် ပိုအရေးကြီးသော အောက်ဆီဂျင်ဓာတ်ငွေ့ အမြောက်အမြားကို ထုတ်ပေးသည်။ ကျေးလက်တွင် နေထိုင်ခြင်းကြောင့် အောက်ဆီဂျင်ကို ဝလင်စွာ ရှူရှိုက်ရပေတော့မည်။ လူသားတို့အတွက် တန်ဖိုးအရှိဆုံး အရာမှာ အသက်ရှည်စွာ၊ အနာမဲ့စွာ နေထိုင်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ကျေးလက်တွင် နေထိုင်ခြင်းသည် မြို့ပြနေခြင်းထက် ကောင်းသည် ဟူသောအဆိုကို ထောက်ခံပါသည်။

မြို့ပြတွင် လူဦးရေ ထူထပ်မှုကြောင့်၊ အဆောက်အအုံများစွာကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

နေထိုင်ရသည်မှာ မွန်းကျပ်လှသည်။ စက်၊ မော်တော်၊ ယာဉ်၊ ဆိုင်ကယ်၊ အလုပ်ရုံ၊ စက်ရုံတို့မှ ထွက်လာသော ဓာတ်ငွေ့များကြောင့် လေထုညစ်ညမ်းမှုကို ကြုံကြရသည်။ ကျန်းမာရေး ထိခိုက်နိုင်သော အချက်များဖြစ်သည်။ ထို့ကြောင့် မြို့ပြ၌ နေထိုင်ခြင်းကို မကြိုက်ပါ။

မိုးရာသီတွင် မြစ်၊ ချောင်း၊ အင်းအိုင် ပေါများသော ကျေးလက်ဒေသနေသူတို့အဖို့ ဟင်းသီးဟင်းရွက်များကို လတ်လတ်ဆတ်ဆတ် စားရသည်။ ဖောဖောသီသီ စားရသည်။ အသီးအရွက်များအပြင် ငါး၊ ပုစွန်တို့ကိုလည်း အလျှံအပယ် စားရသည်။ မြို့ပြနေသူများအဖို့ အဝေးက ကားတစ်တန်၊ ရေတစ်တန် သယ်ယူလာသော နွမ်းရောင်ရောင်ရှိသည့် ဟင်းသီးဟင်းရွက်များနှင့် မလတ်ဆတ်တော့သည့် ရေခဲရိုက် ငါး၊ ပုစွန်တို့ကိုသာ စားရသည်။ ထို့ကြောင့် ကျေးလက်တွင် နေထိုင်ခြင်းသည် မြို့ပြထက် ပိုကောင်းသည်။

ပူပြင်းသော နွေရာသီ၌ ကျေးလက်ဝန်းကျင်တွင် လေပြည်လေညင်းများသည် သောကအပူနှင့် ရာသီအပူ ဟူသမျှကို ပြေပျောက်စေသည်။ တောင်ကျစမ်းရေနှင့် တွင်းရေကြည်တို့၏ အေးရန့်များနှင့်အတူ သင်းပျံ့သော တောပန်းရနံ့ကလေးများသည် ရှူရှိုက်လိုက်သော လေနှင့်အတူ ရင်ဝယ်ကြည်လင် လန်းဆန်းစေသည်။ မြို့ပြနေသူတို့သည် လျှပ်စစ်စွမ်းအားရသော အဲယားကွန်း၊ ပန်ကာ စသည်တို့ဖြင့် ပူအိုက်မှု ပြဿနာကို ဖြေရှင်းကြသည်။ သဘာဝတွင်းရေ၊ စမ်းရေအစား လျှပ်စစ်မော်တာသုံး ရေခဲသေတ္တာအမျိုးမျိုးမှ ရသော ရေအေးအေးကို သောက်ကြသည်။ ဘေးထွက်ဆိုးကျိုးမှာ ထိုမှ ထွက်လာသော ကာဗွန်ဒိုင်အောက်ဆိုက်များကြောင့် အိုဇုန်းလွှာ ပျက်စီးပေါက်ကွဲပြီး ကမ္ဘာကြီးကို ဒဏ်ရာရသွားစေခြင်းသာ အဖတ်တင်သည်။ ထို့ကြောင့် ကျေးလက်တွင် နေထိုင်ခြင်းသည် မြို့ပြနေခြင်းထက် ပိုကောင်းသည် ဟူသော အဆိုကို ထောက်ခံရပါသည်။

ကျေးလက်မိသားစုများသည် တစ်အိမ်နှင့်တစ်အိမ် ညီရင်းအစ်ကို၊ မောင်ရင်းနှမပမာ ခင်မင်ချစ်ခင်ကြသည်။ အပြန်အလှန် ကူညီကြသည်။ ရိုင်းပင်းကြသည်။ တစ်အိမ်၏ သာရေး၊ နာရေး ကိစ္စများတွင် တစ်အိမ်မှ အားတက်သရော ပါဝင်ဆောင်ရွက် ကူညီကြသည်။ တစ်ရွာတည်းအတူနေလူကြီး၊ လူငယ်များသည် ကိုယ့်အရေးကိစ္စ၊ သူ့အရေးကိစ္စများကို တစ်ဦးနှင့်တစ်ဦး စိတ်ချလက်ချ ရင်ဖွင့်ကြသည်။ ဟန်ဆောင်မှုကင်းပြီး ရိုးသားခြင်း

mgyoe.com

mgyoe.com
SAMPLE BOOK

ပကတိ ရှိကြသည်။ ပွင့်လင်းကြသဖြင့် ပျော်စရာဘဝ ရှင်သန်မှုကို ပိုင်ဆိုင်ကြသည်။ မြို့ပြနေသူများ၏ နေအိမ် အဆောက်အအုံမှာ ကျေးလက်လောက် ကျယ်ဝန်းခြင်း မရှိကြ။ အချို့မှာ တိုက်ခန်းကျဉ်းတွင် နေထိုင်ကြသည်။ တစ်ခန်းနှင့် တစ်ခန်း အုတ်နံရံ တစ်ချပ်သာ ခြားသော်လည်း ရင်းနှီးခင်မင်မှုကား ကမ္ဘာခြားနေသူများအလား ကွာလှမ်းလွန်းလှသည်။ နံရံတစ်ဖက်ခန်းတွင် မည်သို့သော မိသားစုမျိုး နေသည်ဟူ၍ မသိကြ။ အော်မကြား၊ ခေါ်မကြား ရှိကြသည်။ အပေါင်းအဖော်မဲ့သော အထီးကျန်ဘဝကို ရင်ဆိုင်လိုက်ရသည်။ ပျော်ရွှင်သာယာရေးထက် ကြီးပွားတိုးတက်ရေးကိုသာ ရှာဖွေနေကြရသဖြင့် လူ့ဘဝ နေရသည်က လူသားအသွင် ယူထားသော စက်ရုပ်များပမာ သက်မဲ့ဆန်လှပါသည်။ ထို့ကြောင့် ကျေးလက်တွင် နေထိုင်ရသည်က မြို့ပြထက် ပိုကောင်းသည်။ ရုပ်မြင်သံကြား၊ အင်တာနက်၊ ဖေ့(စ်)ဘွတ်ခ်များကြောင့် ယဉ်ကျေးမှုကင်းမဲ့သော ဝတ်စားဆင်ယင်မှုများနှင့် အနေအထိုင် စရိုက်ပျက်မှုများ မြို့ပြတွင် ရှိသည်။ ကျေးလက်တွင် အစ်ကို၊ အမိ၊ အဖတို့ရှေ့ ပေါင်ပေါ် ဒူးပေါ် ဝတ်စားဆင်ယင်မှုများကို မဝတ်ရဲကြပေ။ ယဉ်ကျေးလိမ္မာသော စိတ်ဖြင့် ရွာဦးကျောင်း တက်နေချိန်တွင် မြို့ပြနေ လူငယ်များကို နိုက်ကလပ်က ဆွဲဆောင်နေသည်။ မိဘများအနေနှင့် မိမိ၏ ရင်သွေးများအတွက် ရင်တမမ ပူပန်လျက်ရှိကြသည်။ ရင်သွေးများ လမ်းမှားမရောက်ရန် မျက်ခြည်မပြတ် စောင့်ကြည့်နေကြသည်။ ကိုယ်စိတ်နှစ်ပါး ပင်ပန်းဆင်းရဲလှပါသည်။

အထက်ပါ အကြောင်းများကြောင့် ကျေးလက်၌ နေထိုင်ခြင်းသည် မြို့ပြ၌ နေထိုင်ခြင်းထက် ပိုကောင်းသည် ဟူသောအဆိုကို ထောက်ခံခြင်း ဖြစ်ပါသည်။

◻

mgyoe.com

mgyoe.com SAMPLE BOOK

## ငြင်းခုံခြင်းသည် ဆွေးနွေးခြင်းထက် ပိုကောင်းသည်

ငြင်းခုံခြင်းသည် ဆွေးနွေးခြင်းထက် ပိုကောင်းသည် ဟူသောအဆိုကို မထောက်ခံပါ။ ကန့်ကွက်ပါသည်။

ငြင်းခုံခြင်းသည် ဉာဏ်အမြော်အမြင်နည်းသူတို့၏ အလုပ်ဖြစ်သည်။ ငြင်းခုံခြင်း၏ အကျိုးရလဒ်မှာ ခိုက်ရန်ဖြစ်ပွားခြင်း ဖြစ်သည်။ ငြင်းခုံခြင်းမှအစပြုကာ ခိုက်ရန်ဖြစ်ပွားခြင်း၌ အဆုံးသတ်သည့် လမ်းရိုးကြီးကို မည်သူကမျှ ပြောင်းလဲပစ်ခြင်းငှာ မတတ်နိုင်ပေ။

အကြောင်းအရာတစ်ရပ်အပေါ် သဘောမတူညီနိုင်သောအခါ ငြင်းခုံကြသည်၊ ဆွေးနွေးကြသည်။ ငြင်းခုံခြင်းကို ပြုသူများမှာ ငါးစိမ်းသည်များ၊ ခေါင်းရွက်ဗျပ်ထိုး ဘဝဆိုးသူများ၊ လက်လုပ် လက်စား ပျံကျသမား စသည်တို့ အများစုပါဝင်သည်။ အနည်းအကျဉ်းမျှသော ငွေကြေးအတွက် တစ်ယောက်နှင့်တစ်ယောက် အလုအယက် ငြင်းခုံကြသည်။ ဒေါသထွက်လာသောအခါ သတ်ပုတ်ကြသည်။ အရင်းစစ်သော် ထိုသူများသည် ဝမ်းတစ်ထွာ အတွက် ငွေရှာခက်သူများ၊ ကိုယ်ကျင့်တရားတန်ဖိုးကို မသိသူများဖြစ်သည်။

"ဆွေးနွေးခြင်း"ကို ပြုသူများမှာ ပညာရှင်နှင့် ပညာရှင်အသိုင်းအဝိုင်းအကြား အသက်မွေးသူများ ဖြစ်သည်။ ခိုက်ရန်ဖြစ်စေသော ဒေါသတရား

mgyoe.com

mgyoe.com SAMPLE BOOK

ကို ရှောင်ကွင်းရန် အသိဉာဏ်ရှိသူများ၊ ပညာဉာဏ် အမြော်အမြင်ရှိသူများ ဖြစ်သည်။ မိမိ၏ အတ္တအကျိုးထက် လူအများ၏အကျိုးကို လိုလားကြသူများ ဖြစ်သည်။ မတရားလော့ဘကို ချိုးနှိမ်ရန် အသိတရားရှိသူများဖြစ်သည်။ အတ္တ ပရ မျှတစွာ ကျင့်ကြံ နေထိုင်ကြသူများသည် သဘောထား မတူ၍ အငြင်းပွားရသော အချက်ကို ဆွေးနွေးခြင်းဖြင့် အဖြေရှာသည်။ အသိတရားကို လက်ကိုင်ထားလျက် အကောင်း အဆိုး၊ အကျိုး အပြစ်ကို ဆန်းစစ်အဖြေရှာကြသည်။ ထို့အတွက် အပျက်တရားနည်းပြီး အကျိုးတရားတို့သာလျှင် အမြတ်တင်ကျန်ပေသည်။ ထို့ကြောင့် ငြင်းခုံခြင်းသည် မကောင်းပါ။ ဆွေးနွေးကြခြင်းသာလျှင် ကောင်းမွန်ပါသည်။

"ချစ်စေလို ခံတွင်း လက်လေးသစ်၊ မုန်းစေလို ခံတွင်း လက်လေးသစ်" သည် ခံတွင်းနှုတ်ကသာ ငြင်းခုံသဖြင့် မုန်းစရာ ဖြစ်ပြီး သည်ခံတွင်းနှုတ်ကပင် ဆွေးနွေးခြင်းကို ပြုသဖြင့် ရန်စကားအစား မေတ္တာစကားကို ဆိုသဖြင့် ချစ်စရာကောင်းလေသည်။ ချိုသာယဉ်ကျေးသော စကားလုံးအစား မိမိအတ္တ အောင်မြင်ရေးအတွက်ကိုသာ ဦးတည်ရှေ့ထားပြီး ပြောနေလေရာ အပြစ်မကင်းသော စကားကိုလည်း ဆိုမိ၏။ သူမုန်းများသော စကားကိုလည်း ဆိုမိ၏။ ရိုင်းစိုင်းသော စကား အသုံးအနှုန်းများကိုလည်း ဆိုမိ၏။ ထို့ကြောင့် ချစ်ခြင်း မဖြစ်စေဘဲ အမုန်းအသစ်အသစ်တို့ကိုသာ ဖြစ်တည်စေ၏။ ချစ်ခြင်းမေတ္တာသာ ကောင်းမြတ်သော မင်္ဂလာတရား ဖြစ်စေသည်။ မင်္ဂလာတရားကသာ အကျိုးစီးပွား တိုးပွားစေမည် ဖြစ်သည်။ ထို့ကြောင့် ဘဝပြဿနာရပ်များ၊ အဆင်မပြေမှုများ ရှိပါက ငြင်းခုံခြင်း မပြုကြဘဲ ဆွေးနွေးခြင်းဖြင့်သာလျှင် အေးငြိမ်းသာယာ ဘေးရန်ကွာ ပြုလုပ်သင့်ပါသည်။ မင်္ဂလာတရားနှင့်အညီ တစ်ယောက်စကား တစ်ယောက်နားမှာ မခါးရလေအောင် ငြင်းခုံခြင်းကို မပြုဘဲ ဆွေးနွေးခြင်းဖြင့်သာလျှင် ပြဿနာများကို ဖြေရှင်းသင့်ပါသည်။ ထို့ကြောင့် ငြင်းခုံခြင်းသည် ဆွေးနွေးခြင်းထက် ပိုကောင်းသည်ဟူသော အဆိုကို ကန့်ကွက်ရခြင်း ဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းပါသည်

ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းပါသည် ဟူသောအဆိုကို ထောက်ခံပါသည်။ ရုပ်သဘောမှာ ယိုယွင်းပျက်စီးတတ်လေသည်။ ရုပ်သည် ပြင်ပဗဟိဒ္ဓသဘောဆောင်သည်။ အပေါ်ယံမျှသာလျှင် ရှိခြင်းဖြစ်သည်။ အပေါ်ယံ၌သာ မခိုင်မြဲတည်သော ရုပ်ကို လှသည်ထက်လှအောင် ပြုပြင်လိုက်ရသဖြင့် အဖိုးတန်သော အချိန်နှင့် ငွေကြေး ကုန်သွားလေ၏။ သဘောမှန်၊ တရားမှန်အတိုင်း ယိုယွင်း ပျက်စီးနေချိန်၌ အလှပြင်ရန် အသုံးပြုလိုက်သော ငွေကြေးနှင့် အချိန်တို့ အလဟဿ အစားပြန်မရဘဲ ဆုံးရှုံးရလေ၏။

ရုပ်လှခြင်းအတွက် ကုန်ဆုံးသွားသော အဖိုးတန်လွန်းသည့် အချိန်ကို အစားပြန်မရနိုင်တော့သဖြင့် အကျိုးရလဒ်မှာ သုညဖြစ်သည်။ ထိုအချိန်ကို ထိုအလုပ်၌ မကုန်ဆုံးစေဘဲ အသက်မွေးပညာ ဆည်းပူးခြင်း၊ သို့မဟုတ် စိတ်ဓာတ်အရာ ရင့်ကျက်တည်ငြိမ်ခြင်း၊ တရားအဆီအနှစ် ပြည့်ဝစေကြောင်း၊ ဝိပဿနာ အားထုတ်လိုက်မည် ဆိုပါက လောကီဆိုင်ရာ၊ လောကုတ္တရာဆိုင်ရာ ဘဝလမ်းတစ်လျှောက်တွင် အေးချမ်းမှု၊ သာယာမှုကို ရရှိနိုင်မည် ဖြစ်ပါသည်။

စိတ်အလှ ဆိုသည်မှာ မိဘ ဆရာတို့၏ ကျေးဇူးကို သိခြင်း၊ ကိုယ်ချင်းစာစိတ် ရှိခြင်း၊ သနားတတ်ခြင်း၊ သီလလုံခြုံမှုကို အလေးထား လေ့ကျင့်မှု ရှိခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် လက်ဆင့်ကမ်း အမွေခံထိုက်သူ ဖြစ်ရန် ကြိုးစားခြင်း စသော အနေအထား၌ ရှိသူ၏ စိတ်မျိုးကို ခေါ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


ရုပ်အလှမှာမူ မိခင်မွေးဖွားလာသော နဂိုရုပ်အဆင်းနှင့် အလှအပ တန်ဆာခြယ်မှုန်း၍ ရလာသော အလှမျိုး ဖြစ်သည်။ ရုပ်အလှသည် ပျက်ယွင်းခြင်း နိယာမအရ ပျက်လွယ်သည်။ စိတ်အလှမှာမူ လူများစွာကို လုံခြုံ အေးချမ်းမှု ပေးနိုင်သည်။ လေ့ကျင့်မှု စံနှုန်းအလိုက် ပို၍ ခိုင်မာသော အင်အားကို ဖြစ်စေသည်။ ထို့ကြောင့် ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းသည်။ ရုပ်အလှထက် စိတ်အလှက ပိုကောင်းသည် ဟူသောအဆိုကို ထောက်ခံပါသည်။

"စိတ်သာရှင်စေ ဘုရားဟော" ဟူသော စကားအရ အရာရာတွင် စိတ်က ဦးဆောင်သည်။ ကံ ကံ၏အကျိုး ဟူသော စကားအရ တွက်ဆလျှင်လည်း ပြုပြုသမျှကံတွင် ကောင်းသော စိတ်စေတနာဖြင့် ပြုလုပ် ဆောင်ရွက်လျှင် ကောင်းကျိုး ပြန်ရပါမည်။ မကောင်းသော စိတ်စေတနာဖြင့် ဆောင်ရွက်လျှင် မကောင်းကျိုးသာလျှင် တန်ပြန်ခံရသော သဘော ရှိသည်။ တန်ပြန်ချက်မှာ မိမိတစ်ဦးတည်းပေါ်တွင်သာမက မိမိပေါင်းစပ်ပါဝင်နေသော မိသားစု၊ လုပ်ငန်းခွင် အဓိက သက်ရောက်မှုရှိနိုင်သည်။ ဥပမာ တစ်ဦးချင်းစီ၏ သစ်ပင်၊ သစ်တော ခုတ်ထွင်မှုများသည် ကြီးမားသော ဂယက်ဖြင့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုကြီးကြောင့် ဘေးဆိုးကျရောက်ခြင်းကို တန်ပြန်ခံကြရသည့် သဘောမျိုး ဖြစ်သည်။ ထို့ကြောင့် အသိပညာကို အရင်းခံ အတွက်ကို နည်းပါးစေပြီး စိတ်အလှကို မွေးမြူရပေမည်။ အများအတွက်ကို ဖြည့်တွေးနေထိုင်ပါက အရုပ်ဆိုး အကျည်းတန်မှုများကို လုပ်မိတော့မည် မဟုတ်။ ထိုသူတို့သည် လှပသော စိတ်အလှပိုင်ဆိုင်သူများ ဖြစ်သည်။ ကမ္ဘာကြီး တည်မြဲရန် အားထုတ်သူများသည် စိတ်အလှရှိသူများ ဖြစ်ပြီး ကမ္ဘာကြီး အရုပ်ဆိုး အကျည်းတန် ဘေးဆိုးသင့်အောင် လုပ်သူများမှာ စိတ်အလှမဲ့သူများ ဖြစ်သည်။

စိတ်ဓာတ်လှဖို့ထက် ရုပ်လှဖို့ကိုသာ ကြိုးစားသူ များလာပါက အေးချမ်းမှုကို ထိန်းသောသူများ နည်းလာသည်ကြောင့် ဒုစရိုက်မှု များလာမည်။ သွေးထွက်သံယို သေကျေပျက်စီးမှု များလာမည်။ ခေတ်ကြီးတွင် ရုပ်ဝတ္ထု တိုးတက်လာသည်နှင့်အမျှ လှပသော စိတ်ဓာတ် မရှိကြပါက အဏုမြူလက်နက်ဆန်းများအောက် လူသားတို့ သေကျေကြရမည်။ အနိဋ္ဌာရုံများသာ ကြုံတွေ့ကြရတော့မည်။ စိတ်ထားလှသူများ ရှိမှသာလျှင် တိုးတက်လာသော ရုပ်ဝတ္ထု လက်နက်ကိရိယာကို သတ္တဝါတို့ သေကျေခြင်းအတွက် မသုံးမိစေဘဲ အခြား

mgyoe.com

mgyoe.com
SAMPLE BOOK


ကောင်းမြတ်ရာနေရာများ၌ အပြုသဘောဆောင်သော ရည်ရွယ်ချက်ဖြင့် ပြောင်းလဲ အသုံးပြုမည် ဖြစ်သည်။ ထို့ကြောင့် ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းပါသည်။

အို၊ နာ၊ သေဟူသော နိမိတ်ပြ ရုပ်ပုံပန်းချီကားကို ဘုရားစောင်းတန်းများတွင် တွေ့နိုင်သည်။ ပျိုရွယ်လှပသော မိန်းကလေးသည် ဘုရားရှင်ရှေ့ ယပ်တောင်ကိုင်ရင်း တဖြည်းဖြည်း ခါးကိုင်း၊ အရိုးပြိုင်းပြိုင်းနှင့် အရိုးအဆစ်တို့က မိမိခန္ဓာကိုယ်မျှ မသယ်ပိုးနိုင်သော အခြေအနေမျိုးတွင်လဲကျ၊ အသက်ပျောက်သွားလေသည်။ ရရှိပိုင်ဆိုင်သော ရုပ်အလှကို အရင်းပြုပြီး ဘယ်သော အခါမှ မပြတ်သော အစွမ်းထက်သည့် စိတ်အလှကို တည်ဆောက်သွားကြလျှင် နောက်ဆုံး "ဒုက္ခကင်းဝေး၊ နိဗ္ဗာန်ရောက်သည့် ဆေး" ကိုပင် ရှာဖွေတွေ့ရှိ လက်ဝယ်ပိုင်ဆိုင်သည်။ သေခြင်းဒုက္ခအပေါင်း ငြိမ်းသည့် အေးချမ်းမှုကို ရရှိပေမည်။

ထို့ကြောင့် ဒုစရိုက်ကင်းပြီး အေးချမ်းသာယာမှု ချဉ်းကပ်နိုင်ရန် ရုပ်လှခြင်းထက် စိတ်လှခြင်းက ပိုကောင်းကြောင်း ထောက်ခံအပ်ပါသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

# ကိုယ်ချင်းစာစိတ် ရှိခြင်းက ကောင်းသည်

ကိုယ်ချင်းစာစိတ် ရှိခြင်းက ကောင်းသည် ဟူသောအဆိုကို ထောက်ခံပါသည်။ ကိုယ်ချင်းစာစိတ် ဆိုသည်မှာ မိမိ မကြိုက်နှစ်သက်၊ မလိုလားသည့် အပြုအမူများကို သူတစ်ပါးအပေါ် မပြုမူမိစေရန် ထိန်းသိမ်းပြီး နေထိုင်သော စိတ်ဖြစ်သည်။ "ကိုယ်ချင်းစာစိတ်" ကို အခြေခံထား နေထိုင်သူမှာ သူတစ်ပါးအပေါ် သနားညှာတာ ကရုဏာထားပြီး ပြုမူဆက်ဆံသည်။ ရက်စက် ကြမ်းကြုတ်သော အပြုအမူများကို ရှောင်ကြသည်။ အတ္တအတွက် ဆောင်ရွက်ခြင်းထက် ပရအတွက် ဆောင်ရွက်လိုကြသည်။ ကိုယ်ကျင့်သီလ ကောင်းမွန်ပြီး ယဉ်ကျေးသိမ်မွေ့သော ကိုယ် နှုတ်အမူအရာ ရှိသည်။ ၄င်းတို့ အလေးထားကြသော အချက်မှာ မှန်ကန်မျှတ သမာသမတ်ကျရေးပင် ဖြစ်သည်။ မှန်ကန်မျှတ သမာသမတ်ကျမှုရှိလျှင် အချင်းချင်းအကြား ရန်ပွဲများ၊ စစ်ပွဲများ ရပ်တန့်သွားပြီး အနိဋ္ဌာရုံကင်းမဲ့သော ကမ္ဘာကို တည်ဆောက် နိုင်ပေမည်။ ထို့ကြောင့် ကိုယ်ချင်းစာစိတ် ရှိခြင်းက ကောင်းသည် ဟူသောအဆိုကို ထောက်ခံပါသည်။

လူသားသည် သက်ရှိသတ္တဝါအားလုံးအနက် အသိဉာဏ်အရှိဆုံးသတ္တဝါဖြစ်သည်။ ထိုအသိဉာဏ်သည်ပင် လူနှင့် တိရစ္ဆာန် ကွဲပြားရသောအချက် ဖြစ်သည်။ ကြီးနိုင်ငယ်ညှဉ်း အပြုအမူများကို တိရစ္ဆာန်များက

mgyoe.com

m.gyoe.com SAMPLE BOOK


ပြုမူသည်။ တိရစ္ဆာန်တို့သည် အဆွေအမျိုး၊ အမိ အဖ ညီအစ်ကို မောင်နှမ ဟူ၍ မသိ၊ အကောင်း အဆိုး၊ အကျိုး အပြစ် ဝေဖန် မြော်မြင်တတ်သည်ဟူ၍ မရှိ။ လူတို့၌ ဆင်ခြင်နိုင်သော အသိဉာဏ်နှင့် အမှား အမှန် ရွေးချယ်နိုင်သော ပညာမျိုး ရှိသည်။ ဆင်ခြင်တုံတရား အသိဉာဏ်အားဖြင့် သူတစ်ပါးအပေါ် မတရား မလုပ်မိအောင် ကိုယ်ချင်းစာစိတ် ထားရှိရပေမည်။

သမာသမတ်ကျ မျှတခြင်းသည် လူ့အဖွဲ့အစည်း တစ်ရပ်အတွက် အလွန်အရေးကြီးပါသည်။ မျှတမှုရှိကြသဖြင့် ခိုက်ရန် မဖြစ်ကြပေ။ ရန်မဖြစ်ကြပါလျှင် ချစ်ခင်ကြမည်၊ စည်းရုံးကြမည်။ ထိုအခါ အဖွဲ့အစည်း၏ ရည်မှန်းချက် ပန်းတိုင်ကို "တစ်သောင်းအားနှင့် ယူသော် ရ၏" ဟူသောစကားအတိုင်း ဧကန်ရရှိနိုင်ပေမည်။ ထို့ကြောင့် ကိုယ်ချင်းစာစိတ်ရှိခြင်းသည် ကောင်း၏ ဟူသော အဆိုကို ထောက်ခံပါသည်။

လူတိုင်းကိုယ်စီ ကိုယ်ချင်းစာကြမည်ဆိုလျှင် အတ္တသမားများ ပျောက်မည်။ မတရားမှုများ ပျောက်မည်။ လောဘ၊ ဒေါသကြောင့် ဖြစ်လာသော သွေးချောင်းစီးမှုများ၊ လုယက် သတ်ဖြတ်မှုများ ပပျောက်မည်။ တစ်ဦးကိုတစ်ဦး ဖေးမကူညီကြလျက် နွေးထွေးမှုရှိသော သာယာသည့်ကမ္ဘာမြေကို တွေ့ နိုင်သည်။

ရိုင်းစိုင်းမှု၊ ကြမ်းတမ်းရက်စက်မှုများကို ကိုယ်ချင်းစာစိတ် မရှိသော သူများက ပြုမူကြသည်။ ထိုပတ်ဝန်းကျင်တွင် နွေးထွေးမှု ကင်းသဖြင့် ပျော်ရွှင်စွာ နေထိုင်ရှင်သန်ရန် ခက်ခဲလွန်းပါသည်။ ကိုယ်ချင်းစာတရား မရှိသဖြင့် တစ်ဦးနှင့်တစ်ဦး နားလည်မှု နည်းပါးကြပြီး ပြဿနာများ ပေါ်ပေါက်ရသည်။ အလျှော့ပေး ညှိနှိုင်းမှု ကင်းမဲ့သဖြင့် ကျပ်တည်းမှုများနှင့် ကြုံရလေသည်။ ရှန်းကန်ရန် ထွက်ပေါက် မရှိတော့သောအခါ ဖိနှိပ်အားများကို မလွန်ဆန်နိုင်တော့သဖြင့် မိမိကိုယ်ကို အဆုံးစီရင်မှုများ ရှိလာကြတော့သည်။

မြန်မာနိုင်ငံ၌ ကိုယ်ချင်းစာစိတ် ရှိသူများက လူမှုဝန်ထမ်း ကူညီ လုပ်ကိုင်ပေးမှုကြောင့် မိမိကိုယ်ကို အဆုံးစီရင်မှုများ မရှိသလောက်နည်းသည်။ စာမတတ်သူများ၏ ဒုက္ခအပေါ် ကိုယ်ချင်းစာသဖြင့် "စာမတတ်သူ ပပျောက် ရေး"၊ သဘာဝဘေးဆိုး ကြုံရသူများအပေါ် ကိုယ်ချင်းစာသဖြင့် "လေဘေး၊ ရေဘေး၊ မီးဘေးဒုက္ခသည်များ ကူညီရေး"၊ ဆေးစွဲသူများ၏ ဘဝကို စာနာ

m.gyoe.com

mgyoe.com SAMPLE BOOK


မိသောအခါ "မူးယစ်ဆေးအန္တရာယ် ကာကွယ် ပညာပေးရေး" လူမှုဘဝ ပြန်လည်ထူထောင်ရေး စသည်ဖြင့် အရေးအရာများစွာတွင် ကိုယ်ချင်းစာစိတ် သက်သက်ဖြင့် ကူညီဆောင်ရွက်မှုများ ရှိလာခြင်းမှာ အလွန်ကောင်းသည်။

အထက်ပါအချက်များကြောင့် "ကိုယ်ချင်းစာစိတ် ရှိခြင်းသည် ကောင်းသည်" အဆိုကို ထောက်ခံရခြင်း ဖြစ်ပါသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

## ကုသခြင်းသည် ကြိုတင်ကာကွယ်ခြင်းထက် ပိုကောင်းသည်

ကုသခြင်းသည် ကြိုတင်ကာကွယ်ခြင်းထက် ပိုကောင်းသည် ဟူသော အဆိုကို မထောက်ခံပါ။ ကျွန်ုပ်အနေဖြင့် ကန့်ကွက်ပါသည်။ ကန့်ကွက်ရခြင်း အကြောင်းကို တင်ပြပါမည်။ လောကအလယ်တွင် ရှင်သန် နေထိုင်ကြသော သက်ရှိလောကသား အားလုံး၏ တူညီပြီး အရေးတကြီး လိုအပ်သည့် တစ်ခုတည်းသောဆန္ဒမှာ အသက်ရှင်ရန် ဖြစ်သည်။ သက်ရှိအားလုံးအတွက် အရေးအကြီးဆုံးမှာ ဇီဝရှင်သန်ရေး ဖြစ်သည်။ သက်တမ်းရှည်နိုင်သမျှ ကာလအထိ ရှင်သန်လိုကြသည်။ ကျန်းမာရေးမကောင်းသောကြောင့် လူ့သက်တမ်းပြည့် မနေရဘဲ စွန့်ခွာထွက်သွားရသူများ ရှိသည်။ ထို့ကြောင့် ကျန်းမာရေးကောင်းရန် အထူးအရေးကြီးပါသည်။ ကျန်းမာရေးသည် လာဘ်တစ်ပါး ဖြစ်သည်။ အာရောဂျံ ပရမံ လာဘံဟု သတိပေးနေကြသည်။ ကျန်းမာရေးသည် အဖိုးတန်လှပါသည်။ ကျန်းမာရေးကောင်းမှသာ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်းများကို အားထုတ် နိုင်ကြသည်။ ကျန်းမာခြင်း ဆိုသည်မှာ ရောဂါကင်းရှင်းခြင်းပင် ဖြစ်သည်။ အသက်ရှင်ရန် လိုလားသူ၊ မိမိကိုယ်ကို မွေးမြူလိုသူများသည် ကျန်းမာခြင်းကို အစဉ်အမြဲ ဂရုစိုက်ရန် လိုသည်။ ထိုသူတို့သည် ကျန်းမာရေးသတိ၊ ကျန်းမာရေး အသိရှိရန် ပြုမူနေထိုင်သည်။ သတိအထူးပြုမိသည်မှာ 'ကြိုတင် ကာကွယ်ခြင်းသည် ကုသခြင်းထက် ကောင်းသည်' ဟူသော ကျန်းမာရေး ဆောင်ပုဒ် ဖြစ်သည်။ လူတိုင်း လိုက်နာကြရန်လည်း တိုက်တွန်းထားသည်။ ကုသခြင်းသည် ကာကွယ်ခြင်းထက် ကောင်းသည်ဟူသော အထက်ဖော်ပြပါ အဆိုနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်ကြောင့် ၄င်းအဆိုကို အခိုင်အမာ

mgyoe.com

mgyoe.com SAMPLE BOOK


ကန့်ကွက်ရခြင်း ဖြစ်ပါသည်။

မိမိခန္ဓာကိုယ်ကို နှိပ်စက်တတ်သော အနာရောဂါလောက်ဆိုးသော ရန်သူဟူ၍မရှိ ဟု လောကနီတိ၌ ဆိုထားပါသည်။ ရောဂါဝေဒနာများသည် နှိပ်စက်တတ်သော အဆိုးဆုံးရန်သူ ဖြစ်သည်။ မိမိကို နှိပ်စက်တတ်သူအား လက်ခံထားရန် မသင့်တော်ပါ။ မိမိအနား ရောက်မလာမီ အဝေးကပင် ရှောင်ရှားရန် လိုသည်။ လမ်းလွှဲရန် လိုသည်။ အဝေးက ရှောင်ခွာခြင်း၊ လမ်းလွှဲခြင်းမှာ ကြိုတင်ကာကွယ်ခြင်းကို ဆိုလိုသည်။ မိမိခန္ဓာအတွင်းသို့ ရောဂါကို ရောက်မလာစေခြင်းပင် ဖြစ်သည်။ ရှင်သန်ကြီးထွားခြင်းမှ အိုမင်းခြင်း ဆိုသည်မှာ အမြဲမှန်သော သစ္စာတရား ဖြစ်သည်။ ထို့အတူ ရှင်သန်ကြီးထွားခြင်း၏ အဦးအစမှာ သန္ဓေတည်ခြင်း၊ အမြစ်တွယ် ခြေကုပ်ယူခြင်း ဖြစ်သည်။ သစ်ပင်ကြီး ဟူသော ရောဂါတို့ အမြစ်တွယ်လာလျှင် ရှင်သန်ကြီးထွားရန်အတွက် ဖြစ်တော့မည်။ မြက်ပင်ပေါက်စ အရွယ်တွင် ဆွဲနုတ်ရန် လွယ်ကူ သော်လည်း လူတစ်ရပ်ခန့်အရှည် ရောက်လာသောအခါ မြက်ပင်များကို ဆွဲနုတ်ရန် မတတ်သာ။ ယယ်စဉ်ကပင် ဆွဲနုတ်သင့်သည်။ သို့မဟုတ်ပါက လူမနိုင်သဖြင့် စက်အားဖြည့် သုံးရမည်။ ငွေကုန်ကြေးကျ များပေတော့မည်။ မြက်မပေါက်မီ ကတည်းက ထုံးဖြူးထားခြင်း၊ ဆေးဖျန်းထားခြင်း ပြုလျှင် မြက်ပင်တို့သည် အမြစ်တွယ်ရန် နေနေသာ၊ ခြေချခွင့်ရမည်မဟုတ်။ ထို့အတူ ရောဂါကို ကပ်တွယ်ခွင့် မရစေရန် ကာကွယ်ရပေမည်။ ရောဂါမဖြစ်ရန် ဆေးစစ်ခြင်းကို မျက်ခြည်မပြတ် လုပ်ရမည်။ စီမံချက်အရ ကာကွယ်ဆေးထိုးကြရန် ကြေညာချက် ရှိလာပါက မပျက်မကွက် ထိုးကြရမည်။ မိမိအနေအထိုင် အစားအသောက်ကို လည်း ဂရုစိုက်ရမည်။ ရောဂါဖြစ်ခြင်း၏ အကြောင်းတရားများကို ဂရုတစိုက် ရှောင်ရှားခြင်း၊ ကာကွယ်ခြင်းတစ်မျိုးပင် ဖြစ်ပေသည်။ နေ့စဉ် နေထိုင်မှု၌ ခန္ဓာကိုယ်တွင်း အနေအထား တစ်မူထူးခြားသည် ဆိုသည်နှင့် ဆေးစစ်ချက်ဖြင့် မိမိကိုယ်ကို ဆန်းစစ်ရန် လိုအပ်ပါသည်။ မကာကွယ်ဘဲ ရောဂါဖြစ်ခွင့် ပြုလိုက်ပြီ ဆိုသည်နှင့် ငွေကုန်ကြေးကျ များခြင်း၊ မိသားစုဝင် သူများ အလုပ်ပျက် အကိုင်ပျက် ဖြစ်ရခြင်း၊ ဆေးရုံ၌ မိမိအတွက် မသက်မသာ နေရခြင်း၊ ဆေးရုံစည်းကမ်းများအကြား လုပ်ဆောင်ကြရသည်ကြောင့် ကိုယ်စိတ်ကိုယ်င စိတ်ပင်ပန်းကြရပါသည်။

ထို့ကြောင့် ကုသခြင်းသည် ကြိုတင်ကာကွယ်ခြင်းထက် ပိုကောင်း သည် ဟူသောအဆိုကို ကန့်ကွက်ပါသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

## ကြောင်သည် ခွေးထက် ပိုချစ်စရာ ကောင်းသည်

ကြောင်သည် ခွေးထက် ပိုချစ်စရာ ကောင်းသည် ဟူသောအဆိုကို ကျွန်ုပ်အနေနှင့် မထောက်ခံပါ။ ကန့်ကွက်ပါသည်။

လောက၏ အမှန်တရားတစ်ရပ်မှာ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ကျေးဇူးသိတတ်ခြင်းတို့သည် ဖြူစင်ကောင်းမြတ်သော အကျိုးရလဒ်များကို တုံ့ပြန်ရရှိတတ်ခြင်းပင် ဖြစ်သည်။ ရိုးသားခြင်း၊ သစ္စာရှိခြင်း၊ ကျေးဇူးသိတတ်ခြင်း စိတ်နှလုံးရှိသူကို လူတိုင်းက ချစ်ခင်ကြသည်။ ကျွန်ုပ်ချစ်သော ခွေးတွင် အောက်ပါအချက်များ တွေ့ရသည်။ ကျွန်ုပ်အနေဖြင့် ပြောရလျှင် ခွေးကို ချစ်သဖြင့် အထက်ပါအဆိုကို ကန့်ကွက်ရပါကြောင်းပြောလျှင် လုံလောက်သော အကြောင်းရင်း ဖြစ်နေပါပြီ။

"သခင့်မျက်နှာ တစ်ရှာထင်တတ်သော" ခွေးကလေး၏ မျက်နှာလေးသည် ချစ်စရာအလွန်ကောင်းသည်။ ခွေးကလေး၏ မျက်လုံးမှာ ကြည်လဲ့တောက်ပနေပြီး သခင့်ကို မမှိတ်မသုန် ကြည့်နေသောကြောင့် သခင်၏ စိတ်အလိုကို ထိုးထွင်းသိမြင်တတ်သည်။ သခင့်အလုပ်အကိုင် အဆင်မပြေသဖြင့် စိတ်တို့ အလိုမကျ၊ ဒေါသထွက်သောအခါ မြင်သာသော အခန်းထောင့်တစ်နေရာတွင် အလိုက်တသိ နေတတ်ပြီး အဝေးမြင်ကွင်းဖြင့် သခင့်ကို

mgyoe.com

m g SAMPLE BOOK

အကဲခတ်နေပုံမှာလည်း ချစ်စရာ အလွန်ကောင်းသည်။ သခင်၏ ဝမ်းသာပျော်ရွှင်နေချိန်တွင် သူလည်း ထပ်တူပျော်ရွှင်နေတတ်သည်။ ဟန်ဆောင်မှုကင်းပြီး ရိုးသားခြင်း အဆင်တန်ဆာများကြောင့် ခွေးကို ပိုချစ်ပါသည်။ ကြောင်သည် ခွေးထက် ပိုချစ်စရာကောင်းသည် ဟူသော အဆိုကို ကန့်ကွက်ပါသည်။

သခင် အလုပ်သွားသောအခါ လိုက်ခွင့်ရသော နေရာအထိ လိုက်ပါသွားတတ်ပြန်သည်။ သခင် ပြန်လာချိန်ကို ကြိုတင်သိနေတတ်ပြန်သည်။ သခင် ပြန်လာသည်ကို အဝေးက မြင်သည်နှင့် အမြီးကလေး နှန့်လျက် ပြေးကြိုတော့သည်။ ဝမ်းသာရိပ်များ သူ့မျက်နှာအပေါ် ထင်ဟပ်နေသည်မှာ နေကို ဦးဆုံးမြင်သော ကမ္ဘာဦးလူသားတို့၏ ဝမ်းသာပုံမျက်နှာနှင့် တူနေတော့သည်။ မုန့်ကျွေးလေ့ရှိသော သခင့်ထံပါး မုန့်မရမချင်း တစ်ဖဝါးမခွာ ချွဲနေပုံမှာလည်း အပြစ်ကင်းသည့် ကလေးငယ်နှင့် တူနေပြန်သေးသည်။ အိပ်ရာဝင်ချိန်အထိ သခင့်ကိုသာ အရိပ်တကြည့်ကြည့် ရှိတတ်သည်။ သခင် မှတ်ထားသော အိပ်ရာနှင့် ထိုနေရာယူပြီးသည်အထိ မှေးထားသော မျက်လုံးအစုံက သခင်ရှိရာသို့သာ။ ခွေးကသာလျှင် ကြောင်ထက် ပိုချစ်စရာ ကောင်းပါသည်။

သစ္စာရှိခြင်းအရာတွင် ခွေးတို့၏ အလေ့အထကို ဝန်ထမ်းကောင်းတံဆိပ်ပင် ချီးမြှင့်ထိုက်ပါသည်။ ကြည့်ဖူးခဲ့သော ရုပ်ရှင်တွင် သေဆုံးပြီးဖြစ်သဖြင့် ဘယ်သောအခါမှ ပြန်မရောက်နိုင်တော့သော သခင်အား ဆုံမှတ်လည်း ဖြစ်၊ နောက်ဆုံးလမ်းခွဲ မှတ်တိုင်လည်းဖြစ်သော လမ်းခုလတ် ဘူတာရုံ၌ တစ်နေ့ သခင်ပေါ်လာနိုး မျှော်ရင်း သေသွားသော ခွေးကလေး ဇာတ်လမ်းကို မမေ့နိုင်ပါ။ လက်တွေ့ဘဝတွင် သခင့်အတွက် အသက်ပေးသော သစ္စာရှိခွေးများစွာကို တွေ့ဖူးသည်။ နေ့အချိန် သခင်အလုပ်သွားလျှင် အိမ်အတွင်းအပြင်ကို စောင့်ပေးနေတတ်သည်။ သခင့်အနား ကိုယ်ရံတော်အဖြစ် ရှိတတ်ပြီး ဘေးအန္တရာယ် မကျရောက်စေရန် သစ္စာရှိရှိ စောင့်ရှောက်ပေးသည်။ အလွန်တာဝန်ကျေပြီး သစ္စာရှိသော ခွေးကို ကြောင်ထက်ချစ်ပါသည်။ ထို့ကြောင့် "ကြောင်သည် ခွေးထက် ပိုချစ်စရာကောင်းသည်" ဟူသော အဆိုကို ကန့်ကွက်ပါသည်။

ခွေးသည် သင်ကြား လေ့ကျင့်ပေးနိုင်လျှင် သစ္စာရှိသော အဖော်ကောင်းတစ်ယောက် ဖြစ်သည်။ အနံ့ခံအာရုံကောင်းသည့်သဘာဝကြောင့်

mgyoe.com

mgyoe.com
SAMPLE BOOK

တပ်မတော်များတွင် လက်နက်အနံ့ခံခိုင်းသည်။ မိုင်းဗုံး ထောင်ထားခြင်း ရှိ၊ မရှိ အနံ့ခံခိုင်းသည်။ တောလိုက်သူများအတွက် သားကောင်အနံ့ခံပေးသည်။ စစ်ထွက်သူအတွက် ရန်သူ့အနံ့ ခံပေးသည်။ အမှန်ကို တိတိကျကျ လုပ်ပေးနိုင်သည်။ သစ္စာရှိခြင်း၊ ကျေးဇူးသိတတ်ခြင်း သဘာဝကြောင့် သူ့ကို ကျွေးမွေးသော သခင်အတွက်သာလျှင် အလုပ်လုပ်ပေတော့သည်။ သည်လို ခွေးမျိုးကို ကြောင်ထက် ချစ်ပါသည်။ သခင့်အပေါ် သစ္စာရှိခြင်းနှင့်အတူ တုံ့ပြန်ပေးသော အမူအရာများတွင် ကျေးဇူးဆပ်ခြင်းကို သဘောအလိုအလျောက် ပါလာတတ်သည်။ သခင့်ထံပါးတွင် နေရမည်ဆိုသော အခွင့်အရေးကို ပထမဦးစားပေး ရွေးချယ်သည်။ ဒုက္ခများစွာကို သခင်နှင့်အတူ ကျော်ဖြတ်သည်။ အစာရေစာ မစားရသည့် ဒုက္ခကို လနှင့်ချီ ရင်ဆိုင် ကျော်ဖြတ်နိုင်သည်။ သခင့်အပေါ် ကျရောက်သည့် ဒုက္ခများကို ငြိမ်းအေးစေရုံ၊ တော်သင့်ရုံမျှ မဟုတ်။ အသက်ပေး၍ ကျေးဇူးဆပ် ဆောင်ရွက်ပေးသည်။ သခင့်မိသားစုအပေါ်တွင်လည်း သစ္စာစောင့်သိပေးသည်။ သခင်၏ ဇနီးမယား၊ သားသမီးများအပေါ်၊ အိမ်သားများအပေါ်တွင် သခင် မရှိစဉ် သခင်နှင့်ထပ်တူ စောင့်ရှောက်ပေးပါသည်။ တောလိုက်သွားကြစဉ် သခင့်ကို ပေါက်ရန် ချိန်ရွယ်နေသော မြွေဟောက်အား ဝင်ရောက် လုံးထွေး သတ်ပုတ်ရန် ရဲဝံ့ခဲ့သည့် အဖြစ်အပျက်များကို မြင်တွေ့ခဲ့ဖူးသည်။ အသက်ပေး၍ ကျေးဇူးဆပ်ခြင်းကို ခွေးကသာလျှင် လုပ်တတ်ပါသည်။

အထက်ပါအကြောင်းရင်းများစွာကြောင့် ''ကြောင်သည် ခွေးထက် ပိုချစ်စရာ ကောင်းသည်'' ဟူသော အဆိုကို ကန့်ကွက်ရခြင်း ဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

# သီချင်းဆိုခြင်းသည် လူ့စိတ်ကို ပိုကြည်နူးစေသည်

"သီချင်းဆိုခြင်းသည် လူ့စိတ်ကို ပိုကြည်နူးစေသည်" ဟူသော အဆိုကို ကျွန်ုပ်အနေနှင့် ထောက်ခံပါသည်။

"စိတ်သာရှင်စော ဘုရားဟော" ဆိုသော စကားမှာ လူတိုင်းအတွက် မှန်ကန်လှပါသည်။ ဗုဒ္ဓဘုရားရှင်သည် ဘဝပေါင်း ငါးရာငါးဆယ်ကို ဖြတ်သန်းလာပြီးမှ ရရှိသော ဆင်ခြင်ဉာဏ်ဖြင့် မိန့်ဆိုသော အဆိုအမိန့် ဖြစ်ပါသည်။ စိတ်သည် ဘဝခြေလှမ်းများကို ဦးဆောင်နေသဖြင့် စိတ်ကို တက်ကြွ လန်းဆန်းစေရန်၊ ကြည်နူးပျော်ရွှင်နေစေရန် အမြဲထားအပ်ပါသည်။ တက်ကြွလန်းဆန်း ကြည်နူးပျော်ရွှင်သော စိတ်ကသာလျှင် အောင်မြင်မှုကိုရအောင် လုပ်ဆောင်နိုင်ပေသည်။ စိတ်ကလေး လန်းဆန်းနေသောကြောင့် လုပ်ငန်းခွင်ရောက်သော အခါ လုပ်ငန်းကိုင်ငန်းများကို အောင်အောင်မြင်မြင် အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်ပေမည်။ အဆင်မပြေမှုများ ကြုံရစဉ်အခိုက် သီချင်းဆိုလိုက်လျှင် မကြည်လင်သော စိတ်များမှာ ကြည်နူးပျော်ရွှင်လာပြီး တက်ကြွလန်းဆန်းမှုကို ပေးနိုင်လာပါသည်။

စိတ်ကြည်နူးပျော်ရွှင် တက်ကြွလန်းဆန်းနေမှသာ လူမှုဆက်ဆံရေး ပေါင်းသင်း အဆင်ပြေ ချောမွေ့ပြီး အောင်မြင်အောင် လုပ်ကိုင်နိုင်မည်ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့ကြောင့် သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည်ဟူသော အဆို မှန်ကန်ကြောင်း ထောက်ခံပါသည်။

နံနက်ခင်း နိုးထချိန်တွင် မြတ်ဗုဒ္ဓတရားအား ပူဇော်ကြသဖြင့် ဗုဒ္ဓတေးများကို ဖွင့်ထားကြသည့်အခါ၌ သီချင်းကြောင့် စိတ်ကြည်နူးမှုကို ရခဲ့ပါသည်။ ထိုကဲ့သို့ နေ့၏အစ၌ စိတ်ကြည်နူးခဲ့ခြင်း အစပျိုးခဲ့သော နေ့မျိုးတွင် အလုပ်ထဲ၌ အဆင်ပြေမှုများ ရရှိခဲ့သည်ကို ကြုံရပါသည်။ ကိုယ်တိုင် လိုက်ဆိုမိသောအခါမျိုး၌ ပို၍ ကြည်နူးရသည်ကို သိနေရပါသည်။ တစ်ကိုယ်ရေ သန့်ရှင်းရေး ကိစ္စများ လုပ်သောအခါ သီချင်းဆိုမိသည်။ ထို့ကြောင့် သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေပြီး ကြည်နူးနေသော စိတ်မှာလည်း သီချင်းဆိုချင်နေသည်။ ထိုအခါ ကြည်နူးခြင်းကို အဆက်မပြတ် ဖြစ်ပေါ်ပြီး လူကို အပန်းပြေစေပါသည်။ နောက်တစ်ကြိမ် နိုးထရန်အတွက် ခွန်အားအသစ်ကို ရရှိသည့် အကျိုးတရားကို ဖြစ်ပေါ်စေသည်။ သီချင်းဆိုချိန်တွင် လူတို့၌ ရှိသော ဒေါသ၊ မောဟ၊ လောဘတရားများ ကွယ်ပျောက်နေသည်ကို သတိထားမိပေမည်။ သီချင်းက သယ်ဆောင်လာသော အေးချမ်းစရာ၊ ဒေါသကင်းစရာ၊ နှစ်သက်စရာ အကြောင်းများက လူ့စိတ်ကို ကြည်နူးမှုကို ပေးနေသည်။ သီချင်းများသည် အနုပညာ ဖန်တီးမှုဖြစ်သဖြင့် 'ရသ' များ ခိုအောင်းနေသည်။ 'ရသ'က ပေးသော ခွန်အားများကြောင့် ကြည်နူးမှုစိတ် ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ ဆရာဇော်ဂျီက လူတို့ ဖန်တီးသော အနုပညာပစ္စည်းတွင် 'ရသ'ပါသည် ဟုဆိုသည်။ မိုးသည်းသည်းထဲတွင် သီချင်းအော်ဆိုပြီး လယ်ထွန်နေသော ဦးကြီးကို မေးကြည့်ပါ။ လယ်ထွန်ရသဖြင့် ပင်ပန်းသည့် ကြားထဲ သီချင်းဆိုလျှင် ပိုမမောပေဘူးလားဟု မေးလျှင် လယ်သမားကြီးက သီချင်းအော်ဆိုနေသောကြောင့် ဤလယ်ကွက် မည်သို့ ပြီးမှန်းပင် မသိလိုက်ပါဟု ပြန်ဖြေလေသည်။ မောရမှန်း မသိလိုက်အောင်ပင် ခွန်အားဖြည့်ပေးသော သီချင်းဆိုခြင်းက ပေးသည့် စိတ်ကလေးမှာ ကြည်နူးစိတ်ဖြစ်သည်။ ထို့ကြောင့် သီချင်းဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည် ဟူသောအဆိုကို ထောက်ခံပါသည်။

ဆင်းရဲသော ထန်းတက်သမားတို့၏ ဘဝမှာ အလွန်ဆင်းရဲပါသည်။ ဆင်းရဲခြင်း အပေါ်တွင် ကျေနပ်အောင် တွေးပြီး နေတတ်ပါမှ တန်ဖိုးရှိသော လူ့ဘဝ လောကခံကို ခံနိုင်ပြီး ဒုက္ခအပေါင်းကို ကြံ့ကြံ့ခံနိုင်မည် ဖြစ်သည်။

mgyoe.com

mgyoe.com

'ဝန်ကြီး ပဒေသရာဇာက ထန်းတက်သမားဘွဲ့ တျာချင်း'တွင် ထိုသဘောကို ရေးဖွဲ့သည်။ သီချင်းအဖြစ် ကြည်နူးစရာ သီဆိုသည်။ ပင်းယခေတ် ငါးစီးရှင် ကျော်စွာကလည်း 'ကာချင်း' ကို ရေးဖွဲ့ခဲ့သည်။ စစ်သည်ဘဝကိုပင် အားတက်စရာ၊ ကြည်နူးစရာအမြင် ခြယ်မှုန်းထားသည်။ ကျေးလက်နေ ပြည်သူ ဘဝမှာ အနေအစား ဆင်းရဲကြသည်။ ရေးဖွဲ့သော အိုင်ချင်းများက သူတို့ဘဝ ဝန်းကျင်ကို မက်မောစေသည်ကြောင့် သီဆိုနေကြသည်မှာ ကြည်နူးစရာ ဖြစ်သည်။ သီချင်းဟူသည် ဆိုသူအတွက်လည်း ကြည်နူးစရာ ဖြစ်သည်။ နားထောင်သူ အတွက်လည်း ကြည်နူးစရာ ဖြစ်ပေသည်။

ရှေးက နိုင်ငံရေး ဆောင်ရွက်နေသော ဘုရင်များ စိတ်ရွှင်လန်း တက်ကြွ ပျော်ရွှင်ကြည်နူးစေရန် သီချင်းသီဆိုဖျော်ဖြေ ကပြပေးသော ကချေ သည်များ ထားရှိကြသည်။ ဒေါသနည်းလျှင် အမှားနည်းတတ်သည်။ လောဘ နည်းလျှင် မတရားမှု နည်းတတ်သည်။ မောဟနည်းလျှင် ဆင်ခြင်တုံတရားရှိစွာ အုပ်ချုပ်နိုင်သည်။ ကြည်နူးသော စိတ်တွင် ရက်စက်ကြမ်းကြုတ်မှု ကင်းတတ် သည်။ ထို့အတွက် သီချင်းဆိုခြင်း၊ သီချင်း ဖျော်ဖြေခြင်းများ ပြုလုပ်ကြသည်ကို တွေ့နိုင်သည်။

တိုင်းသူပြည်သား၊ လူငယ်များ ယဉ်ကျေးသိမ်မွေ့စေရန် တေးဂီတနှင့် ပြုပြင်နိုင်သည်။ ပြုပြင်ရေး တေးများတွင် သွန်သင်ခြင်းများ ရှိသည့်တိုင် သူတို့ နှစ်သက်ရာအလိုက် ဆိုနေသည်။ သွန်သင်မှုကို မသိလိုက်ဘာသာ နာခံနေကြသည်။ ထိုသို့ဖြစ်ခြင်းမှာ ဆုံးမကောင်း ဖြစ်သော်ငြား ကြည်နူးစိတ် ကြောင့် လက်ခံလိုက်နာရန် ဝန်မလေးကြခြင်း ဖြစ်သည်။ အထက်ပါ အချက်များကြောင့် သီချင်း သီဆိုခြင်းသည် လူ့စိတ်ကို ကြည်နူးစေသည် ဟူသောအဆိုကို ထောက်ခံရခြင်း ဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## ဆရာများသည် ဆရာမများထက် သင်ကြားရေးတွင် ပိုတော်သည်

ဆရာများသည် ဆရာမများထက် သင်ကြားရေးတွင် ပိုတော်သည် ဟူသော အဆိုကို ကျွန်ုပ်အနေနှင့် မထောက်ခံပါ။ ကန့်ကွက်ပါသည်။

အမှန်တရား တစ်ရပ်မှာ လူသား အပါအဝင် သက်ရှိတို့သည် စရိုက် သဘာဝအတိုင်းသာလျှင် နေထိုင်ရှင်သန်ကြသည်။ စရိုက်သဘာဝကို မလွန် ဆန်ကြပါ။ ထောက်ထားငဲ့ညှာစရာ အကြောင်းရှိပါက ထိန်းသိမ်းမှုဖြင့် သဘာဝ ကို ဟန်ဆောင် ကွယ်ဝှက်ကြသော်လည်း ခေတ္တခဏသာလျှင် တတ်နိုင်သည်။ ယောကျ်ားသည် ယောကျ်ားသဘာဝ၊ မိန်းမသည် မိန်းမသဘာဝအတိုင်း နေထိုင်ကြသည်။ ယောကျ်ားတို့ စရိုက်မှာ စိတ်မရှည်ကြ၊ ဇွဲမရှိကြ၊ လက်လီ စိပ်သော လုပ်ရပ်အပေါ်လည်း သည်းမခံနိုင်ကြ၊ ဉာဏ်အရာ ထက်မြက်ကြ သော်လည်း ဝီရိယအရာ၌ အလွန်အားလျော့ကြသည်။ ရဲဝံ့သတ္တိ ရှိကြသော် လည်း ဖြတ်ထိုးဉာဏ်နှင့် ပရိယာယ်အရာ၌ မိန်းမတို့ကို မမီကြပေ။ မိန်းမတို့ စရိုက်မှာ ၄င်းတို့နှင့် ဆန့်ကျင်ကြသည့်အပြင် မိခင်စိတ်အခံ တည်းဟူသော စရိုက်တစ်မျိုး ရှိပါသေးသည်။ မိန်းမသဘာဝ စရိုက်နှင့် သင့်လျော် လိုက်ဖက် သောအလုပ်မှာ 'သင်ကြားရေး' အလုပ် ဖြစ်သည်။

စာသင်ကြားပို့ချသော အလုပ်မှာ မိန်းမတို့နှင့်သာ လိုက်ဖက် သင့် လျော်ပါသည်။ မိန်းမတို့သည် စိတ်ရှည်ကြသည်။ ဇွဲရှိကြသည်။ တပည့်များ

mgyoe.com

နားမလည်သေးဟု မြင်လျှင် နည်းလမ်းအသစ်ရှာဖွေပြီး နားလည် သည်အထိ အကြိမ်အခါများစွာ သင်ကြားပေးသည်။ စိတ်ရှည်ဇွဲရှိသည်ကြောင့် အထပ်ထပ် အခါခါ ပို့ချပေးလေသောအခါ နားစွဲပြီး တစ်ကြိမ်တွင် နားလည် သဘော ပေါက်သွားပေမည်။

လက်လီစိပ်သော ကိစ္စများစွာကို ဆရာမများ ကျွမ်းကျင်စွာ လုပ်ကြသည်။ ဆရာမ မဖြစ်မီ သာမန် မိန်းမတစ်ဦး ဘဝကတည်းက သည်းခံကြရသည်။ တပည့်များကို စာပို့ချသောအခါ တစ်ထိုင်တည်းနှင့် နားမလည်သောအခါ သည်းခံ စိတ်ရှည်ရသည်များ ကြုံကြရသည်။ ပုစ္ဆာတစ်ပုဒ်ကို အထပ်ထပ် သင်သော်လည်း နားမလည်သောအခါ အစိတ်အပိုင်းကလေးများကို ခွဲ၍ စိတ်ရှည်လက်ရှည် ရှင်းပြနိုင်သည်မှာ ဆရာမ ဖြစ်သည်။ ထို့ကြောင့် ဆရာများသည် ဆရာမများထက် သင်ကြားရေးတွင် ပိုတော်သည် ဆိုသော အဆိုကို မထောက်ခံ၊ ကန့်ကွက်ရခြင်း ဖြစ်သည်။

သင်ခန်းစာအပေါ် နားလည် သဘောပေါက်ရေးအတွက် တပည့်အပေါ် ကြင်နာသနားစိတ် ထားရှိရန် လိုအပ်သည့် အခါများ ရှိပါသည်။ နားမလည်နိုင်ခြင်းအတွက် နားမလည်ရကောင်းလားဟု ပြောမည့်အစား နားမလည်နိုင်ခြင်းမှာ ကြီးမားသော ဒုက္ခမဟုတ်၊ ထွက်ပေါက်ရှိပါသည်။ လူတိုင်းလည်း ဤနေရာ၌ ဤသို့ ဖြစ်တတ်ပါသည်။ နည်းစနစ်ကျကျဖြင့် ကြိုးစားလျှင် အောင်မြင်နိုင်မည်ဟု စသည်ဖြင့် ကြင်နာ သနားစိတ်ဖြင့် ဖေးကူပြီး ရှင်းပြပေးနေသူမှာ ဆရာမသာလျှင် ဖြစ်သည်။ ဆရာမက ကြင်နာလေသဖြင့် တပည့်ထံမှ အားနာစိတ်ဖြင့် ကြိုးစားလာလေသော် ပန်းတိုင်ကို ရမည်ဖြစ်သည်။ ကြင်ကြင်နာနာ ဖေးဖေးမမ ပြောဆိုတတ်သူမှာ ဆရာမ ဖြစ်သောကြောင့် ဆရာသည် ဆရာမထက် သင်ကြားရေး၌ ပိုတော်သည် ဟူသောအဆိုကို ကန့်ကွက်ပါသည်။

ဆရာမများတွင် မိန်းမတိုင်းတွင် ရှိသော မိခင်စိတ်အခံ ရှိကြသည်။ တပည့်များအပေါ် မိမိရင်သွေး သားသမီးလေးများနှင့်မခြား စေတနာ၊ ကရုဏာ စိတ်ထားရှိသည်။ ကရုဏာစိတ် စွမ်းအားသည် ခွန်အားကြီးလှသည်။ ဆရာမကိုယ်တိုင် နားလည်သဘောပေါက်ခြင်း မရှိသေးပါက ထိုသင်ခန်းစာကို တပည့်များအား သနားညာတာ ဖြစ်မိသည်။ စိတ်ကြောင့် မရမနေ နည်းလမ်းထုတ် သင်ကြားပေးတတ်သည်။ ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး သင်ကြားပေးသော

mgyde.com

mgyoe.com

ကြောင့် တပည့်များက ဆရာမကို ပို၍ လိုလားကြသည်။ ဖွဲ၊ လုံ့လ၊ ဝီရိယ သည် ဆရာများအတွက် စေတနာ၊ အကြင်နာတရားနှင့် မကွဲမကွာရှိသည်။ ထို့ကြောင့် ဆရာမကသာ သင်ကြားရေး ပို့ချမှု ကောင်းကြောင်း တွေ့ရပါသည်။

ယောကျ်ားတို့၏ တစ်နေ့တာ အချိန်နာရီအတွင်း အပြင်သွားလာသော အချိန်မှာ မိန်းမထက် ပိုများသည်။ မိန်းမသည် စာလေ့လာချိန်များ ပိုရသည်။ ထို့ကြောင့် ဆရာမတွေ စာပေလေ့လာချိန် ပိုများသောကြောင့် ပြန်လည် ပို့ချသောအခါ ဆရာထက် စုံစုံလင်လင် ပြောပြနိုင်သည်။ ထူးချွန်ရန် အကြောင်းရင်းတွင် အချိန်နာရီများစွာ အသုံးပြုခြင်းကလည်း တစ်ပန်းသာပါသည်။ ဆရာမ၏ ပို့ချမှုသည်သာ ဆရာထက် တော်ခြင်း ဖြစ်သည်။

ယခုခေတ်က လိုလားသော ကျောင်းသားဗဟိုပြု ပညာရေးစနစ်တွင် တပည့်များထံမှ ဆွေးနွေးလာခြင်းကို တောင်းခံလာပါသည်။ တပည့်များ အနေဖြင့် ချစ်ကြောက် ရိုသေ ဖြစ်မှသာ ဆွေးနွေးရန် ထက်သန်ကြမည်။ တပည့်များက ကြင်နာစွာ ပြောဆိုတတ်သော ဆရာမကိုသာ မေးမြန်းဆွေးနွေးရန် လိုလားပေမည်။ ထိုအချက်မှာ ပညာရေးစနစ် အောင်မြင်စေသော အချက်ဖြစ်သည်။

အထက်ပါ အကြောင်းများကြောင့် 'ဆရာသည် ဆရာမထက် သင်ကြားရေးတွင် ပိုတော်သည်' ဟူသော အဆိုကို မထောက်ခံ၊ ကန့်ကွက်ရခြင်း ဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

# သုတစာပေ ဖတ်ရသည်က ရသစာပေ ဖတ်ရသည်ထက် ပိုကောင်းသည်

သုတစာပေ ဖတ်ရသည်က ရသစာပေ ဖတ်ရသည်ထက် ပိုကောင်း သည်ဟူသော အဆိုကို ကျွန်ုပ်အနေနှင့် မထောက်ခံပါ။ ကန့်ကွက်ပါသည်။

ကန့်ကွက်ရသည့် အကြောင်းရင်း တင်ပြရသော် ခိုင်မာသော အကြောင်းတစ်ချက်မှာ –

'စာပေ၏ အသက်သည် ရသ' ဖြစ်သည်ဟု ရှေးယခင်ကတည်းက ပညာရှင်များ ဆိုထားကြပါသည်။ အသက်ရှိသောအခါမှ ခွန်အား ရှိလာပါမည်။ အသက်ဝင်သော ရေးသားဖွဲ့ဆိုမှုများသည် လူတို့၏ စိတ်နှလုံး ညွတ်နူးဖြိး အလိုလို ပါဝင်လာစေခြင်း၊ ဘဝတစ်လျှောက် မမေ့နိုင်သော စွဲထင်ချက်များ ပေးခြင်း၊ စိတ်ခွန်အားများ ပေးစွမ်းနိုင်ခြင်း၊ ကိုယ်ချင်းစာမှုများ ဖြစ်စေခြင်း စသည်တို့ကို ရသစာပေက ပေးသည်။ ထို့ကြောင့် သုတစာပေ ဖတ်ရသည်က ရသစာပေ ဖတ်ရခြင်းထက် ပိုကောင်းပါသည် ဟူသော အဆိုကို မထောက်ခံပါ၊ ကန့်ကွက်ပါသည်။

သုတများစွာကို လေ့လာသင်ယူထားကြသော သူများသည် သုတကို အရင်းခံပြီး ပစ္စည်းသစ်များစွာကို ထုတ်လုပ်ကြသည်။ နောက်ဆုံး လက်နက်

mgyoe.com

mgyoe.com
SAMPLE BOOK


ဆန်းများကိုပင် ထုတ်လုပ်နိုင်ခဲ့ကြသည်။ ရသစာပေများသာ မဖတ်ကြတော့လျှင် ထိုလူများသည် အတ္တ၊ တစ်ကိုယ်ကောင်းဆန်မှု၏ လွှမ်းမိုးခြယ်လှယ်ကြိုးကိုင်မှုကြောင့် လက်နက်အားကိုး နိုင်ထက်စီးနင်း အလုပ်များကို လုပ်ကြပေတော့မည်။ လုယက်မှု၊ ခိုးမှု၊ နိုင်ထက်စီးနင်း တရားမဲ့စွာ လုပ်ဆောင်မှုတို့ကြောင့် အနိဋ္ဌာရုံများ ပေါများလာပေတော့မည်။ အတ္တစိတ် ကြီးမားလာကြသောအခါ မိမိအကျိုးအတွက် သူတစ်ပါးအပေါ် မညှာမတာ လုပ်လာကြသည့် ဝိသမ လောဘသားများ ပေါများလာသဖြင့် ကမ္ဘာလောကကြီး ပျက်စီးရန်အကြောင်း ဖြစ်သည်။ သုတ မရှိလျှင်လည်း မဖြစ်သည်ကြောင့် သုတစာပေများကို ဖတ်ပါ။ သို့သော် နှလုံးသားလှရန်အတွက် အာဟာရများ ဖြည့်ပေးသော ရသစာပေများကိုလည်း ပိုဖတ်ရန် အရေးကြီးပါသည်။

ရုပ်ဝတ္ထု တိုးတက်လာခြင်းမှာ လူသားများ သုတစာပေ ဖတ်ခြင်းကြောင့် ဖြစ်သည်။ စာပေသည် ပညာကို လက်ဆင့်ကမ်းပေးသော အကောင်းဆုံး ဆက်သွယ်ရေး ကိရိယာ ဖြစ်သည်။ သုတစာပေတွင် နည်းပညာ အများအပြားကို လေ့လာ ယူနိုင်ပေသည်။ ထို တတ်မြောက် ကျွမ်းကျင်မှုများကြောင့် လူနေမှုအဆင့်အတန်း မြင့်မားအောင် လုပ်ဆောင်လာကြသည့်နည်းတူ လူ့ရုပ်လောက ပျက်စီးသွားအောင်လည်း လုပ်ဆောင်နိုင်လာကြသည်။ ဥပမာပြရလျှင် ဓာတုပစ္စည်းအချို့၏ အစွမ်းသတ္တိကို သုတစာပေ ဖတ်မှတ်ခြင်းကြောင့် သိရှိခဲ့ကြရပြီး ထိုဓာတ်တူပစ္စည်းများ ပေါင်းစပ်ခြင်းကြောင့် ပေါက်ကွဲတတ်သည်ကို အကျိုးရှိသော နေရာများ၌ အသုံးမချဘဲ လူသတ်လက်နက်၊ ဖောက်ခွဲလက်နက်များဖြင့် အသုံးချလာသောအခါ အနိဋ္ဌာရုံများကို ဖြစ်စေသည်။ ပျက်စီးဆုံးရှုံးမှုများ ရလဒ်အဖြစ် ကျန်ရစ်သည်။ ထိုသူများ၏ စိတ်နှလုံးတွင် ကိုယ်ချင်းစာမှု၊ သနားငဲ့ညှာမှု၊ တစ်ကိုယ်ကောင်း မဆန်မှု၊ ပတ်ဝန်းကျင်ချစ်မြတ်နိုးမှု စသည့် စိတ်ကောင်းများ ထည့်ပေးနိုင်သည်မှာ ရသစာပေကို ဖတ်ခြင်းပင် ဖြစ်သည်။ သစ်သားများကို နည်းပညာ ကျွမ်းကျင်သော နိုင်ငံများက ကုန်ကြမ်းအလို့ငှာ လိုအပ်သောကြောင့် ဝိသမလောဘသားတို့သည် အရှည်ကို မမြင်မမျှော်ဘဲ ပစ္စုပ္ပန် ငွေကြေးချမ်းသာလိုသောကြောင့် သစ်ပင်ခုတ်ရောင်းကြလေ၏။ သစ်တော ပြုန်းတီးကုန်သော ပမာဏ ဆိုက်ရောက်လေပြီ။ အကျိုးဆက်မှာ မိုးလေဝသ ဖောက်ပြန်ခြင်း၊ သဘာဝ ဘေးဆိုးကြီး ဖြစ်သော ရေလွှံခြင်း၊ လေျှင်လှုပ်ခြင်း၊ မီးလောင်ခြင်းတို့ ဖြစ်ပေါ်ပြီး သက်ရှိလူသားများစွာ

mgyoe.com

mgyee.com SAMPLE BOOK

သေကျေခဲ့ကြရသည်။ ထိုအဖြစ်ကို ရသစာပေများတွင် "အသိခေါက်ခက်၊ အဝင်နက်" ကြသော လူများကို အတ္တအကျိုး ကြည့်ခြင်းသည် မကောင်းကြောင်း ခံယူလာအောင် ရေးထားနိုင်သည်။ "သုတစာဖတ်ခြင်းထက် ရသစာဖတ်ခြင်းက ပိုကောင်းသည်" ဟူသော အဆိုကို ကန့်ကွက်ပါသည်။

ရေကြီး ရေလျှံခြင်း ဒုက္ခ၊ မီးဘေးဒုက္ခ၊ ငလျင်ဒုက္ခကို သည်အတိုင်း ပြောလျှင် မိမိ၏ မိသားစုနှင့် ဝေးသေးသည်ဟု အမြင်မှား၊ အမှတ်မှားကြသည်။ ထိုသို့ အမှတ်မှားနေအောင် လောဘက ဆောင်ရွက်သည်။ ရေလျှံသောနေ့က ချက်စားရန် ခက်ခဲကြလေသောအခါ ခေါက်ဆွဲထုပ်ဈေးနှုန်း၊ ကြက်ဥပဟင်းဈေးနှုန်းမှာ အဆမတန်မြင့်သွားသည်ဆိုသောသတင်းဖတ်လိုက်ရသည်။ ကိုယ်ချင်းစာစိတ်ရှိသူများက လာရောက်လှူဒါန်းနေချိန်တွင် လောဘသား ဖြစ်သူက ဈေးတင်ပြီး ရောင်းခြင်း ဖြစ်သည်။ မိမိကိုယ်တိုင် ကြုံရသောအခါ "ကြောက်ရွံ့ခြင်း တရား"ကို ကြုံရသည်။ မည်သည့်အရာကို အလျှင်ဆွဲ၍ မည်သူ့ကို အလျှင်ဆွဲခေါ်မည်လဲဟု ချောက်ချောက်ချားချားဖြစ်ရသည်။ ဖောက်ပြန်သော အကြောင်းတရားအပေါ် ခံနိုင်ရည်မရှိလျှင် ရူးသွပ်သွားနိုင်သည်။ ထို့ကြောင့် ကိုယ်တိုင် မကြုံသေးသော်လည်း ကြုံနေသူများအပေါ် ကိုယ်ချင်းစာတရား ရှေ့ထားပြီး တွဲကူခြင်းများ လုပ်ဆောင်ရမည်။ လူတိုင်းသည် မိမိ၏ ဇီဝရှင်သန်ရေး အတွက် မြက်တစ်ပင်ကိုသော်လည်း အားကိုးကြီးစွာ ဆွဲထားကြသည်။ မိမိလက်ကို မြက်ပင်ငယ်အစား ဆွဲခွင့်ပေးလိုက်လျှင်၊ တွဲကူလိုက်လျှင် ထိုလူက မိမိကို ပြန်လည် ကျေးဇူးတင်ပေလိမ့်မည်။ ကျေးဇူးတရား ပြည့်သိပ်နေသော ကမ္ဘာကြီးသည် ဘေးဒုက္ခအပေါင်း ကင်းငြိမ်းပြီး အေးချမ်းသာယာလာလိမ့်မည်။ နေမကောင်းသော ကမ္ဘာကြီးကို ကယ်တင်ကြသူများသည် ရသစာပေ ဖတ်ရှုကြသော သူများ ဖြစ်သည်။

ရသစာပေ ဖတ်ခြင်းကြောင့် ကျရှုံးသောလောကစံတရားများ ကြုံစဉ်အံ့ခိုက် လဲပြိုမသွားအောင် ထိန်းမတ်ပေးသည့် ခွန်အားများကို ပိုင်ဆိုင်သည်။ ရသစာပေကြောင့် အတ္တကို သတ်နိုင်ပြီး လမ်းမှား မရောက်သော ကိုယ်ကျင့်တရားများကို လက်ခံကျင့်သုံး လိုလိမ့်မည်။ ရသစာပေကြောင့် မိမိပတ်ဝန်းကျင်ကို အကဲခတ် ကြည့်မြင်တတ်လာပြီး မိမိအပါအဝင် မိမိဝန်းကျင်တစ်ခုလုံး အဆင်ပြေချောမွေ့ ကောင်းကျိုးပွားများအောင် စွမ်းဆောင်လိုလာမည်။ ရသစာပေကြောင့် အနိဋ္ဌာရုံများစွာကို မလိုလား မလုပ်မိစေပဲ ရှိမည်။ လူတိုင်း

mgyee.com

mgyoe.com


လိုချင်သော ငြိမ်းချမ်းရေး ဖော်ဆောင်ရန် ရသစာပေ များများဖတ်ပေးဖို့ လိုအပ်သည်။ လူငယ်ထုအကြား ရသစာပေ ပိုဖတ်နိုင်သည်။ အခွင့်အလမ်းများအောင် လုပ်ဆောင်ရန် လိုအပ်လာသည့် လူသားတိုင်း၏ ရင်ထဲတွင် အချစ်၊ အမုန်းကို ခံစားနိုင်သည့် "ဘာဝ" စိတ် ရှိပါသည်။ သို့သော် မိမိ၏ အရှေ့တည့်တည့်တွင် နာကြည်းစရာများ ပေါ်နေစဉ်အခိုက် ထိုလူသည် ချစ်ရန်လုပ်မည် မဟုတ်၊ မုန်းတီးခြင်း ကြီးစွာ လက်တုံ့ပြန်တော့မည်။ ထို့ကြောင့် ထိုစိတ်နှစ်ပါးအနက် ချစ်ခြင်း နီးကြားတတ်လာအောင် ချစ်စရာ ကောင်းသော ပတ်ဝန်းကျင် အနေအထားကို ကြည်နူးစေသော ပတ်ဝန်းကျင် အနေအထား စသည်တို့ကို ဂရုတစိုက် ခင်းကျင်း ပြုပြင်ပေးရမည်။ မြို့ပြစည်ပင်များက မြို့ကို ကောင်းစွာ ခင်းကျင်းပေးထားကြသည်။ ချမ်းသာသော တိုင်းပြည်များတွင် ပိုမိုတွေ့နိုင်သည်။ အနာဂတ်လူငယ်များ၏ စိတ်ကို ချစ်တတ်အောင် အစပျိုးပေးခြင်း ဖြစ်သည်။ ပတ်ဝန်းကျင်ကို ချစ်တတ်သော လူငယ်များသည် ပတ်ဝန်းကျင်ကို သွေးစွန်းခြင်း ကင်းအောင် ကာကွယ်ပေးမည်။ ထိုအကြောင်း များကြောင့် "သုတစာပေ ဖတ်ခြင်းထက် ရသစာပေ ဖတ်ခြင်းသည် ပို၍ ကောင်းသည်" ဟူသော အဆိုကို ကန့်ကွက်ရခြင်းဖြစ်ပါသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## ကျောင်းဆင်းချိန်တွင် အိမ်စာများများ လုပ်ရသည်က ကောင်းသည်

ကျောင်းဆင်းချိန်တွင် အိမ်စာများများ လုပ်ရသည်ကကောင်းသည် ဟူသော အဆိုကို ကျွန်ုပ်အနေနှင့် မထောက်ခံပါ၊ ကန့်ကွက်ပါသည်။

ကျောင်းဆင်းချိန်ကို ကျောင်းသားတိုင်း မျှော်နေကြသည်။ ကျောင်းတိုင်ကပ်နာရီကို အကြိမ်ကြိမ် ကြည့်မိနေသည်။ အားခဲထားသည်များကို ကျောင်းဆင်းချိန် ရောက်သည်နှင့် အကောင်အထည် ဖော်မည်။ ကျောင်းဆင်းချိန် မတိုင်မီ လွယ်အိတ်ကို ပြင်ဆင်ထားသည်။ ကျောင်းဆင်းသည်နှင့် တစ်ချိုးတည်း အိမ်ပြေးပြန်ရန် ဖြစ်သည်။ ကျောင်းဆင်းချိန်ကို မျှော်နေသူများသည် အလုအယက် တိုးဝှေ့ထွက်နေကြသည်။

ကျောင်းဆင်းချိန် ရောက်သည်နှင့် လွတ်လပ်သွားသည်ဟု ခံစားရသည်။ ကြောက်ရသော ဆရာ၊ ဆရာမတို့၏ စည်းကမ်းများမှ လွတ်မြောက်လာသောကြောင့် ဖြစ်သည်။ အခြားတစ်ချက်မှာ အိမ်ရောက်ရတော့မည့်အရေး ဖြစ်သည်။ နွေးထွေးသော အမေနှင့် အစ်ကို၊ အစ်မ၊ မောင်နှမတို့၏ မေတ္တာနှင့် လွှမ်းခြုံသော အိမ်သို့ လူတိုင်း ပြန်ချင်ကြသည်။ ကျောင်းစည်းကမ်းအောက်မှာ ကဲ့သို့ မွန်းကျပ်မှုမရှိသော နေရာဖြစ်သည်။ အိမ်ရောက်သည်နှင့် ကျောင်း

mgyoe.com

mgyoe.com

SAMPLE BOOK


အငွေ့အသက်ကို ခေတ္တခဏ မေ့ပျောက်ထားလိုသည်။ ထို့ကြောင့် ကျောင်းမှ ပါလာသော အိမ်စာများများကို မလုပ်ချင်ပါ။ ကျောင်းမှ ပါလာသော အိမ်စာများများကို အနားယူပြီးမှသာ လုပ်လိုလှပါသည်။ အိမ်စာများများကို လုပ်နေရသောကြောင့်ဆိုလျှင် အပန်းပြေစေသော ညနေ နေဝင်ချိန်ကို အလဟဿ လုပ်လိုက်ရပါမည်။ နိုင်ငံတကာ၌ နေဝင်ချိန်ကို တကူးတက ကြည့်ကြချိန်၌ ကျောင်းစာလုပ်ရင်း အချိန်ကုန်ရမည်မှာ လူဖြစ်ကျိုးရှုံးသည်ဟုပင်တွေးမိပါသည်။ ကျောင်းဆင်းချိန်တွင် အိမ်စာများများ မလုပ်လိုပါ။ အမေ ချက်ထားသည့် မိမိ ကြိုက်တတ်သော အစားအသောက်များကို အားရပါးရစားမည်။ ဆာလောင်မှု ငြိမ်းအေးသွားလျှင် ခဏ အနားယူမည်။ တစ်နေ့လုံး ညောင်းသွားခဲ့သမျှကို တစ်ကိုယ်ရေ သန့်ရှင်းရေးလုပ်ပြီး ဖြေဖျောက်မည်။ နေဝင်ချိန်ကြည့်ရင်း ဝါသနာပါသည်များကို ဆောင်ရွက်မည်။ ပြီးမှသာလျှင် အိမ်စာများများကို စိတ်သစ် လူသစ်ဖြင့် ဆောင်ရွက်မည်။ အနားရပြီး ဖြစ်သဖြင့် ခွန်အားပြည့်နေသော မှတ်ဉာဏ်ဖြင့် အိမ်စာများများကို လုပ်ရသည်မှာ လွယ်ကူလှပါသည်။ ထို့ကြောင့် "ကျောင်းဆင်းချိန် အိမ်စာများများ လုပ်ရသည်က ကောင်းသည်"ဟူသော အဆိုကို ကန့်ကွက်ပါသည်။

"ကျောင်းဆင်းချိန်"တွင် အိမ်စာကို ဆက်တိုက် လုပ်သောအခါ တစ်နေ့တာ ပင်ပန်းခဲ့သမျှကို အနားမရလိုက်ဘဲ ဆက်တိုက် ထိုင်ရသည်ကြောင့် ပင်ပန်းသော ဦးနှောက်နှင့် ခန္ဓာတို့သည် မနိုင်ရင်ကာ အမှတ်သို့ ရောက်သောအခါ တဖြည်းဖြည်း ပျက်ယွင်းသွားကြသည့် ဆိုးကျိုး ခံရပါသည်။ ကျန်းမာရေး တစစ ထိခိုက်လာနိုင်သည်။ လူ့ဘဝတွင် အရေးကြီးဆုံးမှာ ကျန်းမာရေးဖြစ်သည်။ ကျန်းမာရေး ကောင်းခြင်းသည် လာဘ်တစ်ပါး ဖြစ်သည်။ ကျန်းမာခြင်းသည် လာဘ်တစ်ပါး ဆိုသောစကား ရှိပါသည်။ ကျန်းမာခြင်း ကောင်းမှသာ ရေရှည်လုပ်ငန်းကြီး ဖြစ်သည့် စာမေးပွဲအောင်မြင်ခြင်း ပန်းတိုင်ကို ရရှိနိုင်ပေမည်။ ရေရှည်လျှောက်လှမ်းရမည့် အလုပ်မျိုး ဖြစ်သည်ကြောင့် အချိန်မှန် စား၊ အချိန်မှန် လုပ်၊ အချိန်မှန် အိပ်ရမည်။ ဖြည်းဖြည်းမှန်မှန် လျှောက်လှမ်း ဆောင်ရွက်ရမည်။ တစ်နေ့တာအတွက် လိုအပ်သော အနားယူမှုကို ခန္ဓာကိုယ်အတွက် ပေးရမည်။ ဖြစ်ခြင်း၊ ပျက်ခြင်း သဘောဆောင်သော ခန္ဓာသည် အသက်အရွယ် တရွေ့ရွေ့ ကြာလာသည်နှင့်အမျှ ဖြစ်ခြင်း နည်းပါးလာပြီး ပျက်ခြင်းဘက်သာ အားသာသွားနေသည်ကို သတိထားရပေမည်။

mgyoe.com

mgyoe.com SAMPLE BOOK


ထို့ကြောင့် "သတိတရား လက်ကိုင်ထားပြီး" တစ်နေ့တာ အလုပ်များကိုလည်း အောင်မြင်စွာ ကျော်ဖြတ်နိုင်စေ၊ ကျန်းမာရေးလည်း ကောင်းမွန်စေ ဟူပြီး အချိန်ကို ကောင်းစွာ စီမံခန့်ခွဲ သွားကြရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးကို ဂရုစိုက်နိုင်လျှင် ခန္ဓာကိုယ်နှင့် ဦးနှောက်ကို အနားပေးနိုင်ရန် "ကျောင်းဆင်းချိန်တွင် အိမ်စာများများ လုပ်ခြင်းက ကောင်းသည်"ဟူသော အဆိုကို ကန့်ကွက်ပါသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာစကားပြောရာတွင် အင်္ဂလိပ်စကား ညှပ်ပြောရသည်မှာ ကောင်းသည်

မြန်မာစကား ပြောရာတွင် အင်္ဂလိပ်စကား ညှပ်ပြောရသည်မှာ ကောင်းသည် ဟူသော အဆိုကို ကျွန်ုပ်အနေဖြင့် မထောက်ခံပါ၊ ကန့်ကွက်ပါသည်။ မြန်မာစကား ပြောရာတွင် အင်္ဂလိပ်စကား ညှပ်ပြောလေ့ ပြောထ ရှိကြပါသည်။ မြန်မာစကားသည် အသုံးအနှုန်း ကြွယ်ဝသောစကား ဖြစ်သည်။ အချို့ မြန်မာစကားလုံးများ၏ အဓိပ္ပာယ်ကို ထိထိမိမိ ခွဲခြမ်းကြည့်လျှင် အလွန် အတိမ်းအစောင်း မခံသော၊ စကားလုံးတိုင်းတွင် အနက်အဓိပ္ပာယ် ရှိသော ပင်ကိုဝေါဟာရများ စုပေါင်းထားသည်ကို တွေ့နိုင်သည်။ ဝါစင်္ဂ ကိုးပါးကို ပေါပေါများများ သုံးစရာရှိသော မြန်မာစကားအတွက် အင်္ဂလိပ် စကားကို ညှပ်ပြောသုံးစွဲခြင်းမှာ မလိုအပ်သောအရာ ဖြစ်သည်ဟု ယူဆပါ သည်။ နေ့စဉ်သုံး စကားများတွင် ပါဝင်နေသော မော်တော်ကား၊ မော်တော် ဆိုင်ကယ်၊ ဂက်(စ်)မီး၊ ဝိုင်ယာကြိုး၊ ဘွတ်ဖိနပ်၊ ဝေါက်ရိုက်တံ၊ ဟန်းဘက်၊ စလင်းဘက်၊ ဖုန်း၊ ဟန်းဆက် စသည်တို့မှာ ပစ္စည်းရှိသည်ကြောင့် အခေါ် အမည်ရှိသည့် သဘောသာ ဖြစ်သည်ကြောင့် ညှပ်သုံးခြင်းဟု မဆိုသာပါ။ မွေးစားစကားလုံး များအဖြစ် အမြစ်တွယ်နေသော စကားလုံးများ မဟုတ်ဘဲ အခြားအကြောင်း

mgyoe.com

အရာများကို မြန်မာစကား ရှိနေပါလျက် အင်္ဂလိပ်စကား ညှပ်သုံးလိုက်လျှင် ရည်ရွယ်ရာ အကြောင်းနှင့် လွဲမှား မှတ်ယူသွားနိုင်သည်။ စကားပြောဆိုခြင်းမှာ မိမိရင်ထဲက ဖြစ်လိုဆန္ဒများကို အခြားသူအား အသိပေးခြင်း ဖြစ်သည်။ ထို့ကြောင့် ရှင်းရှင်းသိပြီး လိုရင်းအချက်ကို မြန်မြန် ရောက်ရန်၊ တိတိကျကျ ရောက်ရန် အရေးကြီးပါသည်။ ထို့ကြောင့်၊ မြန်မာ စကား ပြောရာတွင် အင်္ဂလိပ်စကားညှပ်ပြောရသည်မှာ ကောင်းသည်' ဟူသော အဆိုကို ကန့်ကွက်ပါသည်။

အင်္ဂလိပ်စကား ညှပ်သုံးခြင်းကို သရော်ထားသော စာတစ်အုပ်ကို ဖတ်ဖူးပါသည်။ 'ဦးရာကျော်၏ သားတော်မောင်သောင်းဖေ' ကို စာဖတ်သူတိုင်း သိကြပေလိမ့်မည်။ ဦးလတ် ရေးသားထားသော ရွှေပြည်စိုးဝတ္ထု၌ မောင်သောင်းဖေ အမည်ရသော သားကို ခေတ်ပညာသင်ယူရန် ဘိလပ်သို့ စေလွှတ်လိုက်သည်။ မောင်သောင်းဖေသည် ဗိုလ်ရူးဖြစ်လာပြီး မြန်မာစကားကို ဤသို့ ကမောက်ကမ ပြောတော့သည်။ နှမငယ်အား ရေတောင်း သောက်သောအခါ "ရေရလျှင် သောက်ချင်သည်"၊ အဖေ့ကို မိန်းမတောင်းပေးရန် ပြောရာ၌ "ညက မဒမ်တစ်ယောက် တွေ့ခဲ့သည်၊ တောင်းပေးပါ" ဟု လည်းကောင်း ဆိုပုံမှာ ဝါကျအလွဲသာ ရှိသေးသည်။ နားကလောလွန်း လှသည်။ စကားအပြောအဆိုကို မုန်းသည်ကြောင့် ပြောသူကိုလည်း မုန်းလှ သည်။ စကားလုံးအလွဲ ဖြစ်သွားလျှင် အဓိပ္ပာယ်ပါ လွဲပေတော့မည်။ မိမိလိုအပ် ချက်၊ တောင်းဆိုချက် သဘောထား ထင်ဟပ်ချက်များ ပါဝင်သော မြန်မာ စကား ပြောဆိုခြင်းတွင် အင်္ဂလိပ်စကား ညှပ်ပြီး ပြောဆိုခြင်းက မကောင်း နိုင်ပါ။

စကားအပြောအဆို ကောင်းသူတစ်ယောက်သည် မိမိစကား၏ ဦးတည်ချက်ကို တစ်ဖက်သား နားလည်စေရန် ရှင်းလင်းသော မြန်မာဘာသာ စကားကို ပြောဆို သုံးစွဲရမည်။ တိကျ သေချာမှုရှိသော စကားလုံးများဖြင့် တစ်ဖက်သား နားလည်လွယ်ရန် လိုအပ်သည်။ နားမလည်သော အင်္ဂလိပ် စကားလုံးများတွင် အခြားအနက်အဓိပ္ပာယ်များ ရှိသေးကြောင်း မသိလိုက်သော မိမိအဖို့ သုံးစွဲရသည်မှာ ဘေးအန္တရာယ်များလှသည်။ မိမိ၏စကားလုံခြုံမှု ရှိစေလိုလျှင် မိမိ ဂဃနဏ နားလည်သော မြန်မာစကား သန့်သန့်ကို သုံးလျှင် ပိုကောင်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်စကား ညှပ်ပြောသူတို့ကို လေ့လာကြည့်လျှင် မိမိအမျိုးသား စကားကို အထင်သေးပြီး တိုင်းခြားဘာသာစကားကို အထင်ကြီးသောကြောင့် ဖြစ်သည်။ နိုင်ငံခြားငွေတန်ဖိုး မြင့်သော ခေတ်ကြီး၌ နိုင်ငံခြားသွားရန် ပြင်ဆင်နေသူ အများစုမှာ နိုင်ငံခြားကို အထင်ကြီးမှု ပိုကြသည်။ အထူးသဖြင့် အင်္ဂလိပ်ဘာသာစကားကို အထူးလေ့လာထားသူများသည် မြန်မာဘာသာစကား ပြောရာတွင် အင်္ဂလိပ်စကား ညှပ်ပြောလေ့ရှိသည်။ ကမ္ဘာသုံး ဘာသာစကားကြီး ဖြစ်သည်ကြောင့် တတ်ထားရန် လိုအပ်ပါသည်။ မတတ်ထားသူများမှာ ခေတ်နောက်ပြန် ကျန်ပေလိမ့်မည်။ သို့သော် ရိုးသုံးစကားကို မြန်မာဘာသာစကားအား ရွေးချယ်ထားသော မြန်မာပြည်၌မူ မြန်မာဘာသာစကားတွင် အင်္ဂလိပ်စကား ညှပ်မသုံးသင့်ပေ။ ညှပ်သုံးသည်ကြောင့် လိုရင်း အဓိပ္ပာယ်နှင့် ဝေးကွာသည်များ၊ အဓိပ္ပာယ်လွဲသွားသည်များ ကြုံကြရပါမည်။ လူအထင်ကြီး ခံလိုသဖြင့် ပြောခြင်း ဖြစ်သည့်အကြောင်းကလည်း ရှိသေးသည်။ ဟိတ်ကြီးဟန်ကြီး လုပ်ခြင်းမှာ မရိုးဖြောင့်ခြင်းသာလျှင် ဖြစ်သည်ကြောင့် ရိုးသားကြိုးစားနေသူ မဟုတ်ကြောင်း မှတ်ချက် ဝင်လာနိုင်သည်။ လူမှုဆက်ဆံရေး၌ လူအမြင်ကတ်သည်ကြောင့် မိမိဘက် ထောက်ခံသူ နည်းပါးသွားလိမ့်မည်။ ဆင်ခြင်အပ်ပါသည်။ ထို့ကြောင့် မြန်မာဘာသာစကားပြောရာတွင် အင်္ဂလိပ်စကား ညှပ်ပြောခြင်းက ကောင်းသည် ဟူသောအဆိုကို ကန့်ကွက်ခြင်း ဖြစ်ပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

# အစ်မကို အစ်ကိုထက် ပိုချစ်သည်

အစ်မကို အစ်ကိုထက် ပိုချစ်သည် ဟူသောအဆိုကို ကျွန်ုပ်အနေဖြင့် မှန်ကန်ကြောင်း ထောက်ခံပါသည်။

အစ်မသည် မိန်းမတို့၏ စရိုက်သဘာဝအတိုင်း သိမ်မွေ့ညင်သာစွာ ပြောဆို ဆက်ဆံတတ်သည်။ "အစ်မကြီး အမိရာ" ဟူသော စကားအတိုင်း အမေနှင့်ဝေးသော အချိန်များတွင် အမေကဲ့သို့ အားကိုး ခင်တွယ်စရာ ဖြစ်သည်။ စားစရာများကို အမေ ကျွေးမွေးသည်သို့ ကျွေးမွေးတတ်သည်။ အိမ်ပြန်နောက်ကျသော နေ့များတွင် အမေနှင့်အတူ စောင့်မျှော်ပေးသည်။ အိမ်ပြန်ချိန် မရောက်သည့် အခါမျိုးတွင် စိုးရိမ်ပူပန် ကြီးစွာ ရှိသည်။ အစ်မရသော မုန့်ဖိုးများကို မိမိက တောင်းသုံးလျှင်လည်း ပေးတတ်သည်။ ကြောက်လန့်စရာအကြောင်းများအတွက် အဖော်ကူလိုက်ပေးသည်။ အစ်မကို ရင်ဖွင့်ရသည်မှာ အလွန်လုံခြုံမှုရှိသည်။ အကောင်းဆုံး မိတ်ဆွေလည်း ဖြစ်သည်။ ဒုတိယမိခင်လည်း ဖြစ်သည်ကြောင့် အစ်မကို အစ်ကို့ထက် ပိုချစ်သည်။

အစ်မသည် မိမိမလုပ်နိုင်သော အိမ်မှုကိစ္စများကို ကူလုပ်ပေးသည်။ အစ်မ၏ အနစ်နာခံမှုများကို တွေ့မြင်ရသောအခါ အစ်မကို အလွန်ချစ်မိသည်။ အဖေ့ကို နားလည်သော အစ်မဖြစ်ပြီး အမေ့ကို ကူညီသော အစ်မဖြစ်သည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ညီမငယ်ကို ဆုံးမပေးသော အစ်မဖြစ်ပြီး အစ်ကိုကြီး၏ အခက်အခဲ အကျဉ်းအကျပ်များကို မျှဝေကူညီပေးသော အစ်မ ဖြစ်သည်။ အစ်မကို အစ်ကိုထက် ချစ်ပါသည်။ အဖေ့မိတ်ဆွေများအကြား အဖေ ဂုဏ်ရှိစွာ ရပ်တည်နိုင်အောင် အစ်မက ဣန္ဒြေသိက္ခာ နာမည်ပျက်မရှိအောင် အမျိုးဂုဏ်ဆောင်မြင့် ကိစ္စတွင် အလေးထား တန်ဖိုးထားသဖြင့် လေးစားစရာ ကောင်းသည်။ အမေ ချက်ပြုတ်နေသော မီးဖိုချောင်တွင် အမေ့အမောကို ကူကယ်ပေးသော အစ်မ ဖြစ်သည်။ အစ်မ ဈေးသွားလျှင် အဖေ့အကြိုက်၊ အမေ့အကြိုက်၊ အစ်ကိုကြီးအကြိုက်၊ ညီမနှင့် မောင်ငယ်တို့အတွက် ခေတ်နှင့်ယှဉ်သော အကြိုက်တို့ကို ရွေးဝယ်လာတတ်သည်။ မိသားစုအိမ်ကလေး စိုပြည်စေသော အစ်မဖြစ်သဖြင့် အလွန်ချစ်စရာ ကောင်းသည်။ သူငယ်ချင်းများနှင့် မိတ်ဆက်ပေးရန်လည်း မျက်နှာပန်းပွင့်အောင် စာတော်ဖို့အတွက် အမြဲကြိုးစားနေသော အစ်မ ဖြစ်သည်ကြောင့် အစ်ကိုထက် ပိုချစ်သည်။

အစ်မရှိလျှင် အလိုလို စည်ကားသောအိမ် ဖြစ်သည်။ အစ်ကိုက ဆိုလျှင် အိမ်ကပ်မည် မဟုတ်။ အစ်မ ရှိနေသောကြောင့် သန့်ရှင်းသော ဧည့်ခန်း၊ ကြည်ညိုစရာ ကောင်းသော ဘုရားစင်၊ ရှင်းသန့်သော စာအုပ်စင်၊ ညီညီညာညာရှိသော အဝတ်ဗီရိုနှင့် ပန်းကန်အိုးခွက် စနစ်တကျရှိသော မီးဖိုချောင်က သက်သေပြပါသည်။ အချိန်များစွာကို အဖေ၊ အမေ၊ မောင်နှမများအတွက် ကူညီရုံ သက်သက်ရှိသည်ကြောင့် အပြန်အလှန်အားဖြင့် မိသားစု၏ ချစ်ခင်ခြင်း၊ အားကိုးခြင်းကို ခံရသူ ဖြစ်သည်။ အစ်မကြီးနှင့် အဖေသည် တိုင်ပင်ဆွေးနွေးဖော် ဖြစ်သည်။ အမြဲတစေ အမှားမလုပ်သော အစ်မ၏ အကြံပေးချက်သည် လူရာဝင်လှပါသည်။ အစ်ကိုက အမှားလုပ်တတ်သည်။ ဘီယာ သောက်၊ အရက်သောက်၊ ဂစ်တာတီး၊ အချိန်တော် မတော် လည်ပတ်ခြင်းများကို အဖေ၊ အမေက မုန်းတီးသည်။ မိဘနှစ်ပါးကို မျက်ရည်ကျအောင် စိတ်ညစ်စေခြင်း၊ ပတ်ဝန်းကျင်အကြား မျက်နှာမဖော်ဝံ့အောင် အရှက်ရစေခြင်း အကြောင်းများ လုပ်သည်ကြောင့် အဖေ၊ အမေအတွက် ယုံကြည်မှု ထားမရ၊ ပူလောင်မှု အမြဲပေးသည်ကြောင့် တစ်အိမ်လုံး သာယာမှုမရှိအောင် လုပ်နိုင်သူ ဖြစ်သည်။ မိဘစကား နားမထောင်၊ ဆရာစကား လိုက်နာမှု မရှိခြင်းက အကြောင်းတရားဖြစ်သည်။ အစ်ကိုကြောင့် ကျောင်းသွားရသည်မှာ မပျော်ပါ။ အစ်ကို၏

mgyoe.com

mgyoe.com SAMPLE BOOK

ညှံ့ဖျင်းသော လုပ်ရည်ကိုင်ရည်များက ဂုဏ်မဲ့စေသည်။ အစ်မကိုသာ ပိုချစ်သည်။

အစ်မကိုသာ ပိုချစ်သည်မှာ ယခုကျောင်းကိစ္စတွင်သာ မဟုတ်၊ နောင်အနာဂတ်အရေး ကောင်းရန်အတွက် ကြိုတင်ရွေးချယ်ရမည့် ဘာသာရပ်များ၊ အပြုအမူ ဆောင်ရွက်ချက်များ၊ လူဝင်ဆံ့သည့် အမူအရာများ၊ လူတန်းစေ့သည့် အပြင်အဆင်များ၊ သူ သိသမျှ ဗဟုသုတများကို ညီမ၊ မောင်များ သိထားအောင် ညင်သာ ချိုသာစွာ ပြောသည်။ စိတ်ရှည်လွန်းသော အစ်မကို အလွန်ချစ်ပါသည်။

အစ်မသည် သူ့ဂုဏ်ကိုလည်း မြှင့်တင်သည်။ မိသားစုဂုဏ် မြင့်အောင်လည်း ကြိုးစားသွားသည်။ ကျောင်းဝန်းကျင် ဆိုလျှင်လည်း အစ်မကို လိုလားသူက များလှသည်။ အပေါင်းအသင်းများအပေါ် ကြင်နာစွာ ဆက်ဆံခြင်း၊ ဆရာ၊ ဆရာမများ၏ စကားကို နာခံခြင်း၊ စည်းကမ်းနှင့်အညီ နေထိုင်ခြင်း၊ ရိုးသားစွာ ဝတ်စားဆင်ယင်ခြင်း၊ အားကိုးထိုက်အောင် နေထိုင်သူ ဖြစ်သည်။ အစ်မ၏ အရိပ်အောက်တွင် နေရသည့် အချိန်ကာလများတွင် အစ်မ၏ ကောင်းသော အကျိုးရလဒ်များကို မိမိလည်း ခံစားရသည်။ အားလုံး၏ တန်ပြန် မေတ္တာသည် အစ်မကိုသာ မဟုတ်၊ မိမိကိုပင် လွှမ်းခြုံပေးသည်ကြောင့် အစ်မကို အစ်ကိုထက် ပိုချစ်သည်ဟူသော အဆိုကို ကျွန်ုပ်အနေနှင့် ထောက်ခံရခြင်း ဖြစ်ပါသည်။

□

mgyoe.com

mgyoe.com SAMPLE BOOK

## ဒေါက်တာမင်းမော်သန့်

၁၆။စိတ်ပူတတ်တာ ကောင်းတယ်

၁၇။စိတ်ပူတတ်တာ မကောင်းဘူး

၁၈။အနားယူပြီးမှ စာကျက်တာ ကောင်းတယ်

၁၉။အနားယူပြီးမှ စာကျက်တာ မကောင်းဘူး

၂၀။အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှုရှိတာ ကောင်းတယ်

၂၁။အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းတယ်

၂၂။ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည်

၂၃။ပျော်ရွှင်မှုကို ငွေနှင့် မရှာနိုင်

၂၄။ပုဂ္ဂလိကကျောင်းတွေ များများပေါ်လာတာ ကောင်းတယ်

၂၅။ကျောင်းသားလူငယ်တိုင်း အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်သင့်သည်

၂၆။စိတ်ခံစားချက် များတာ မကောင်းဘူး

၂၇။ကျောင်းသားလူငယ်တိုင်း ကွန်ပျူတာပညာကို တတ်သင့်သည်

၂၈။ကျောင်းသားလူငယ်တိုင်းသည် မိခင်ဘာသာစကားကို ကျွမ်းကျင်သင့်သည်

၂၉။ကျောင်းသားလူငယ်တိုင်း အပေါင်းအသင်းများတာကောင်းသည်

၃၀။စိတ်ခံစားချက် များတာကောင်းတယ်

mgyoe.com

mgyoe.com SAMPLE BOOK

## စိတ်ပူတတ်တာ ကောင်းတယ်

လောကကြီးတွင် လူအမျိုးမျိုး၊ စိတ်အထွေထွေ ရှိကြပါသည်။ လူ့ဘဝတွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကို အကောင်းမြင်တတ်သော စိတ်ရှိသူများလည်း ရှိသည်။ အရာရာကို အကောင်းမမြင်တတ်သည့် စိတ်ထားရှိသူများလည်း ရှိသည်။ လူတစ်ဖက်သားကို ဝန်တိုတတ်သည့် စိတ်ထားရှိသူများကို တွေ့မြင်နိုင်သလို ကူညီတတ်သည့် စိတ်ထားပိုင်ရှင်များကိုလည်း တွေ့မြင်နိုင်ပါသည်။ ထို့ကြောင့် အကောင်းနှင့်အဆိုး ဒွန်တွဲလေ့ရှိသည့် သဘောသည် လူ့အသိုင်းအဝိုင်းတွင် တွေ့ရလေ့ရှိပါသည်။ ကျွန်တော်တို့ ကျောင်းသူ၊ ကျောင်းသားများတွင်လည်း စိတ်ပူတတ်သူများသည် အရာရာကို စိတ်ပူလေ့ရှိပြီး ကြိုတင်ပြင်ဆင်လေ့ရှိသည်။ စိတ်မပူတတ်သူများသည် အေးအေးဆေးဆေး လုပ်တတ်ကြသည်။ စိတ်ပူတတ်သူများနှင့် စိတ်မပူတတ်သူများကို ကြည့်လျှင် စိတ်ပူတတ်သူများသည် ပို၍ စာတော်ကြပါသည်။ ထို့ကြောင့် စိတ်ပူတတ်တာ ကောင်းတယ် ဟူသောအဆိုကို ထောက်ခံ ရေးသားလိုက်ရပါသည်။

ကျွန်တော်သည် တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦး ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းသည် ကျောင်းသား၊ ကျောင်းသူများအတွက် အရေးကြီးသော စာမေးပွဲတစ်ခု ဖြစ်သည်။ ကျောင်းသားလူငယ်တစ်ဦး၏ ဘဝနှင့် သက်ဆိုင်သော စာမေးပွဲတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်း

mgyoe.com

mgyoe.com


ကျောင်းသား၊ ကျောင်းသူတိုင်း စာကို အပြင်းအထန် ကြိုးစားကြသည်။ ကျောင်းမဖွင့်မီကတည်းက သင်ရိုးညွှန်းတမ်း စာအုပ်များကို ကြိုတင်စုဆောင်းသည်။ သင်ခန်းစာများကို ကြိုတင်လေ့လာသည်။ မရှင်းလင်းသည်များကိုလည်း ဆရာမများထံ သွားရောက် မေးမြန်းသည်။ တက္ကသိုလ်ဝင်တန်း အောင်ပြီးသား အစ်ကို၊ အစ်မများကို အသေးအဖွဲ့ ကိစ္စလေးမှအစ ကြီးမားသော ကိစ္စများအထိ စိတ်ပူပင်စွာ ကြိုတင် ပြင်ဆင်ကြသည်။ ထို့ကြောင့် ကျောင်းမဖွင့်မီကတည်းကပင် သင်ခန်းစာများကို နားလည်နေပြီဖြစ်သည်။ ထို့ကြောင့် စိတ်ပူတတ်တာ ကောင်းတယ် ဟူသော အဆိုမှာ တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် မှန်ကန်လှပေသည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသားအချို့သည် ကြိုတင်ပြင်ဆင်လေ့မရှိကြသည်ကို တွေ့ရပါသည်။ သူတို့သည် မိမိကိုယ်ကို ဉာဏ်ကောင်းသည်ဟုဆိုကာ အေးအေးဆေးဆေး နေထိုင်သည်။ အခြားသူများ စာအုပ်စာတမ်းများ စုဆောင်းနေလျှင်လည်း မသိသလို နေသည်။ သူငယ်ချင်းများ စာကို ကြိုတင်ပြင်ဆင်နေလျှင်လည်း မမြင်သလို နေသည်။ မိမိသည် ဉာဏ်ကောင်းသူဖြစ်သည်။ စာကျက်လျှင် ခဏတာ အချိန်အတွင်း ရရှိသည်ဟု ဂုဏ်ယူလျက်ရှိသည်။ ကျောင်းများဖွင့်၍ စိတ်ပူတတ်သူများ အပူတပြင်း စာကြိုးစားသော်လည်း ဉာဏ်ကောင်းသူများမှာ အေးအေးဆေးဆေးပင် နေလေ့ရှိပါသည်။ ပထမအစမ်း စာမေးပွဲ ဖြေဆိုသောအခါတွင် စိတ်ပူတတ်သူများသည် ကောင်းမွန်စွာ ဖြေဆိုနိုင်သည်။ စိတ်မပူတတ်သူများသည် သာမန်သာ ဖြေဆိုနိုင်ပါသည်။ ထို့ကြောင့် စိတ်ပူတတ်တာ ကောင်းတယ်ဟူသော အဆိုမှာ မှန်ကန် လှပေသည်။

တက္ကသိုလ်ဝင်တန်း ပညာသင်နှစ်သည် ကျောင်းသား၊ ကျောင်းသူများအတွက် အလွန်အရေးကြီးသော ပညာသင်နှစ် ဖြစ်သည်။ နှစ်အစမှ အဆုံးထိ စာကို ကြိုးစားရသည်။ စာကို အချိန်ပြည့် ကြိုးစားနေရသောကြောင့် မိမိ၏ ကျန်းမာရေးအတွက်လည်း ဂရုစိုက်ရသည်။ ကျန်းမာရေး ကောင်းမှသာ ကျောင်းသင်ခန်းစာများကို အချိန်ပြည့် လေ့လာသင်ယူနိုင်ပါသည်။ အချို့သော ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေးအတွက် စိတ်ပူပင်လေ့ရှိသည်။ မိုးရွာထဲ သွားလျှင် မိုးကာအင်္ကျီနှင့် ထီးတို့ကို ယူဆောင်သွားကြသည်။ မိုးမိလျှင် ဆေးကို ကြိုတင်သောက်ထားသည်။ ဆောင်းရာသီ အေးချမ်းသော

mgyoe.com

mgyobe.com SAMPLE BOOK

အချိန်တွင် စာကျက်လျှင် နွေးနွေးထွေးထွေး နေလေ့ရှိသည်။ ထိုအခါ အအေးမမိတော့ပေ။ ထိုသို့ စိတ်ပူပင်စွာဖြင့် နေထိုင်သွားလာသော ကြောင့် ကျန်းမာရေး ကောင်းလျက်ရှိသည်။ စာကို အချိန်ပြည့် ကြိုးစားနိုင်သည်။ ကျန်းမာရေးအတွက် စိတ်မပူပင်သူများသည် မကြာခဏ ဖျားနာကြသည်။ ထိုအခါ ကျောင်းမတက်နိုင်တော့ဘဲ စာများ မလိုက်နိုင် ဖြစ်ရသည်။ ထို့ကြောင့် စိတ်ပူပင်တတ်တာ ကောင်းတယ် ဟူသော အဆိုမှာ မှန်ကန်လှပေ သည်။

စိတ်ပူပင်တတ်သော ကျောင်းသားများသည် စာမေးပွဲအတွက် ကြိုတင် ပြင်ဆင်လေ့ရှိသည်။ မေးပြီးသား မေးခွန်းဟောင်းများကို လေ့ကျင့်သည်။ မေးနိုင်သည့် မေးခွန်းများကို ကြိုတင် ပြင်ဆင်သည်။ စာစီစာကုံးများ၊ အဆိုများကို ကြိုတင် လေ့ကျင့်သည်။ အင်္ဂလိပ်စာ အက်ဆေးများ၊ ပေးစာ ပြန်စာများကို ကြိုတင် ရေးသား လေ့ကျင့်သည်။ မိမိ ရေးသားထားသော စာများကို ဆရာ၊ ဆရာမထံ ပြကြသည်။ ဆရာ၊ ဆရာမများက လိုအပ်သော အချက်အလက်များကို ပြင်ဆင်ပေးသည်။ ထိုအခါ အမှားကင်းစင်သွား ပါသည်။ ထိုသို့ စိတ်ပူပင်စွာဖြင့် ကြိုတင်ပြင်ဆင်သောကြောင့် အစမ်းစာမေး ပွဲများတွင် ဘာသာစုံ ဂုဏ်ထူးများထွက်ကြသည်။ ထိုအခါ စိတ်ဓာတ်ခွန်အား များ တက်လာကြသည်။ မိမိကိုယ်ကို ယုံကြည်မှု ရှိလာကြသည်။ တက္ကသိုလ်ဝင် စာမေးပွဲကြီးအတွက် ကြောက်ရွံ့မှု မရှိ၊ ရင်ဆိုင်နိုင်မည်ဟု ယုံကြည်လာသည်။ စိတ်မပူတတ်သော ကျောင်းသားများသည် ထိုအခါ စာကို ကြိုးစားရမှန်း သိလာကြသည်။ ထိုအသိသည် အနည်းငယ် နောက်ကျသွားပါသည်။ ထို့ကြောင့် စိတ်ပူတတ်တာ ကောင်းတယ်ဟူသော အဆိုမှာ တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် သင့်လျော် မှန်ကန်လှပါသည်။

လူတိုင်း လူတိုင်းသည် စိတ်အေးသက်သာစွာ နေထိုင်ကြသည်။ အေးချမ်းစွာ နေထိုင်လုပ်ကိုင်ရသည်ကို နှစ်သက်ကြသည်။ သို့ရာတွင် အရာရာ ကို စိတ်မပူပင်ဘဲ နေ၍ မရပေ။ အချို့သော ကိစ္စများသည် စိတ်ပူပင်စွာ ကြိုတင် ပြင်ဆင်ရသည်။ အထူးသဖြင့် ဘဝနှင့် သက်ဆိုင်သည့်ကိစ္စများကို စိတ်ပူပင်စွာ ကြိုတင်ပြင်ဆင်ရသည်။ သို့မှသာ လူသားများအလယ်တွင် လှပသော ဘဝတစ်ခုကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။ တက္ကသိုလ်ဝင်တန်း ကျောင်းသားတိုင်း စိတ်ပူပန်စွာဖြင့် ကြိုတင် ပြင်ဆင်လျှင် စာမေးပွဲတွင်

mgyobe.com

mgyoe.com SAMPLE BOOK


အောင်မြင်မှုများ ရရှိလာမည် ဖြစ်သည်။ ထိုအောင်မြင်မှုမှတစ်ဆင့် ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီး၊ အသိပညာရှင်ကြီး တစ်ဦးဦးအဖြစ် လှပသော ဘဝတစ်ခုကို ပိုင်ဆိုင်ကြပါမည်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်း ကျောင်းသားများအတွက် စိတ်ပူတတ်တာ ကောင်းတယ်ဟူသောအဆိုမှာ မှန်ကန်ကြောင်း ထောက်ခံ ရေးသားလိုက်ပါသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## စိတ်ပူတတ်တာ မကောင်းဘူး

လူ့လောကကြီးတွင် လူအမျိုးမျိုး၊ စိတ်အထွေထွေရှိကြပါသည်။ အချို့သော သူတို့သည် စိတ်ကောင်းများ ရှိတတ်ကြပြီး အချို့သောသူတို့မှာ စိတ်ထားယုတ်ညံ့ကြပါသည်။ အချို့သော သူတို့သည် ကြင်နာသနားတတ်သော စိတ်ထား ရှိကြပြီး အချို့မှာ ရက်စက်သော စိတ်ထားများ ရှိကြပါသည်။ ထို့အတူ အချို့သော သူတို့သည် စိတ်ပူတတ်လေ့ ရှိကြပြီး အချို့သော သူတို့မှာ အလုပ်လုပ်ရာတွင် စိတ်အေးလက်အေး လုပ်ကိုင်လေ့ ရှိကြပါသည်။ စိတ်ပူတတ်သူများသည် အရာရာကို ကြိုတင်၍ စိတ်ပူလေ့ရှိသည်။ ကျောင်းသွားရန်အတွက် ကျောင်းကား နောက်ကျလျှင်လည်း စိတ်ပူတတ်သည်။ ကျောင်းပြန်နောက်ကျမှာကိုလည်း စိတ်ပူသည်။ ထမင်းစား နောက်ကျမှာလည်း စိတ်ပူသည်။ စာမရမှာလည်း စိုးရိမ်သည်။ စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးမထွက်မှာကိုလည်း စိတ်ပူသည်။ သူ၏ နေ့စဉ်လှုပ်ရှားမှုထဲတွင် တစ်ခုမဟုတ် တစ်ခု စိုးရိမ်နေတတ်သည်။ သူ့ကို ကြည့်ရသည်မှာ အေးအေးချမ်းချမ်း မရှိလှပေ။ ပျာယာခတ်လျက်ရှိသည်။ သူ၏ အပြုအမူများကို သူငယ်ချင်းများက နောက်ပြောင်ကြပါသည်။ ထိုအခါ သူကလည်း ဒေါသဖြင့် တုံ့ပြန်သည်။ ထို့ကြောင့် စိတ်ပူတတ်တာ မကောင်းဘူး အဆိုကို ထောက်ခံလိုက်ရပေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK


စိတ်ပူတတ်ခြင်းသည် အကောင်းထက် အဆိုးကို ပိုဖြစ်တတ်ပါသည်။ စိတ်ပူတတ်သူသည် အရာရာကို ကြိုတင်ပြင်ဆင်လေ့ရှိသည်။ ထိုအခါ အပိုအလုပ်များ လုပ်မိတတ်သည်။ စာမရမှာ စိတ်ပူသဖြင့် စာကို ကြိုတင်၍ ကျက်လေ့ရှိသည်။ စာများ ရသွားသောအခါ အိမ်စာများကို လုပ်သည်။ ထို့နောက် သင်္ချာပုစ္ဆာများကို တွက်သည်။ အင်္ဂလိပ်စာများကို လေ့ကျင့်သည်။ ညအိပ်ချိန် ရောက်သောအခါ ကျက်ထားသော စာများမေ့သဖြင့် မအိပ်နိုင်တော့ပေ။ ထိုအခါ စာများကို ပြန်လည်ကျက်မှတ်သည်။ ဦးနှောက်ကို အနားမပေးဘဲ စိတ်ပူတတ်သော စိတ်ဖြင့် ကျက်မှတ်နေသောကြောင့် ကျက်လေ မရလေ ဖြစ်နေပါသည်။ ညနက်လာသောအခါ အိပ်ရာထဲ ဝင်၍ အိပ်သည်။ အိပ်၍ မပျော်ပေ။ ထို့နောက် အိပ်ပျော်သွားပြီး ရုတ်တရက် နိုးလာသည်။ စာ ထကျက်ပြန်သည်။ အိပ်ရေးမဝသဖြင့် စိတ်မကြည်လင်ဖြစ်ကာ ဦးနှောက်ကလည်း မမှတ်နိုင်တော့ပေ။ ထိုအခါ စိတ်ဓာတ် ကျဆင်းလာပါတော့သည်။ကျောင်းသားလူငယ်များသည် အရာရာကို စိတ်အေးအေး ထားသင့်ပေသည်။ ထို့ကြောင့် စိတ်ပူတာ မကောင်းဘူး ဟူသောအဆိုမှာ မှန်ကန်နေပါသည်။

ပညာသင်နှစ်တစ်နှစ်သည် မိုး၊ ဆောင်း၊ နွေ ရာသီဥတု (၃)မျိုးကို ဖြတ်သန်းရသည်။ မိုးရာသီ၊ ဆောင်းရာသီ၊ နွေရာသီတို့ကို ဖြတ်ကျော်ရသဖြင့် ရာသီဥတုဒဏ်ကို ခံစားရပါသည်။ စိတ်ပူတတ်သူများသည် မိုးရာသီတွင် မိုးကာ၊ ထီး၊ အနွေးထည်တို့ကို ယူဆောင်ရသည်။ မိုးမရွာသော နေ့တွင် ယူဆောင်မိပါက ထိုပစ္စည်းများကို ယူရသည်မှာလည်း ဒုက္ခရောက်ပေသည်။ တစ်ခါတစ်ရံ မေ့ကျန်ကာ ပစ္စည်းများ ပျောက်လေ့ရှိပါသည်။ ဆောင်းရာသီ နံနက်စောစောတွင် ချမ်းအေးသဖြင့် အနွေးထည်နှင့် ခေါင်းစွပ်များဖြင့် ကျောင်းသွားကြသည်။ မကြာမီ ပူလာသောအခါ အနွေးထည်ကို ချွတ်ထား ရသည်။ နွေရာသီတွင်လည်း ပူအိုက်လှသောကြောင့် ရာသီဥတုဒဏ် ကာကွယ်ရန် ဦးထုပ်၊ ထီးများ ယူဆောင်ထားရသည်။ စိတ်ပူတတ်သဖြင့် ကြိုတင်ပြင်ဆင်ခြင်းသည် ကောင်းသော်လည်း စိတ်အနှောင့်အယှက် ဖြစ်ခြင်း ဖြစ်ရလေ့ရှိသည်။ ထို့ကြောင့် စိတ်ပူတတ်တာ မကောင်းဘူး ဟူသော အဆိုမှာ မှန်ကန်လှပေသည်။

စိတ်ပူတတ်သူများသည် ပေါင်းသင်းဆက်ဆံရေးတွင်လည်း စိတ်ပူတတ်သည်။ သူငယ်ချင်းအချင်းချင်း စကားပြောရာတွင် မိမိ ပြောသောစကားကို တစ်ဖက်သား ထိခိုက်မည်ကို စိုးရိမ်ကြသည်။ ထို့ကြောင့် စကားကို ရဲရဲ

mgyoe.com

mgyoe.com SAMPLE BOOK


တင်းတင်း မပြောဆိုတတ်တော့ပေ။ စိတ်ပူတတ်သူများသည် ဆရာ၊ ဆရာမများနှင့် ဆက်ဆံရာတွင်လည်း အခက်အခဲ ဖြစ်စေပါသည်။ ဆရာ၊ ဆရာမများ သင်ကြားပေးလိုက်သော စာများကို နားမလည်သောအခါလည်း ရှိပါသည်။ ထိုအခါ ဆရာ၊ ဆရာမများကို မေးမြန်းရန် စိတ်ပူပန်တတ်သည်။ စာသွားမေးလျှင် ဆရာ၊ ဆရာမများ၏အဆူကို ခံရမည်ကို စိုးရိမ်၍ မမေးရဲပေ။ ထိုအခါ ဆရာ၊ ဆရာမများ၏ အဆူခံရသော စိတ်ကြောင့် စာသင်ယူရာတွင် အခက်တွေ့ရပါသည်။ ထို့ကြောင့် စိတ်ပူတတ်တာ မကောင်းဘူး ဟူသောအဆိုမှာ မှန်ကန်လှပါသည်။

စိတ်ပူတတ်သူများသည် စာမေးပွဲ ဖြေဆိုခါနီးအချိန်ထိ စိတ်ပူတတ်ပါသည်။ တစ်နှစ်ပတ်လုံး ကျက်မှတ်ထားသော စာများကို စာမေးပွဲ ဖြေဆိုခါနီးတွင် အေးအေးဆေးဆေး ပြန်လည် နွှေးရမည် ဖြစ်သည်။ စိတ်ကို အတည်ငြိမ်ဆုံး ထား၍ နေရမည် ဖြစ်သည်။ သို့ရာတွင် မိမိ ကျက်မှတ်ထားသော စာများထဲမှာ အတိုအစများကို မေ့သည်ဟု ထင်လာသည်။ ထိုစာ ပါလာလျှင် ခက်သည်ဟု အတွေးများ ပေါ်ပေါက်လာသည်။ အခြားသော ကျောင်းသား၊ ကျောင်းသူများက ဘယ်ပုစ္ဆာ ပါမည်ထင်သည်ဟု ပြောလျှင်လည်း နားထောင်လေ့ရှိသည်။ ထိုအခါ စိတ်ပူပင်လာပြီး ဘာလုပ်လို့ ဘာကိုင် ရမှန်းမသိ ဖြစ်လေ့ရှိပါသည်။ ထိုသို့ ဖြစ်သောကြောင့် စာမေးပွဲဖြေဆိုရာတွင် အခက်တွေ့နိုင်ပေသည်။ ထို့ကြောင့် စိတ်ပူတတ်တာ မကောင်းဘူး ဟူသော အဆိုမှာ ကျောင်းသား၊ ကျောင်းသူများအတွက် မှန်ကန်လှပေသည်။

စိတ်သည် လူတို့၏ အောင်မြင်မှုကို ဦးဆောင်မှု ပေးပါသည်။ အောင်မြင်မှု ရရှိအောင် မဖြစ်မနေ လုပ်ဆောင်မည်ဟု စိတ်ပိုင်းဖြတ်ထားလျှင် အောင်မြင်မှု ရရှိပေမည်။ အောင်မြင်မှု လမ်းကြောင်းသို့ ရောက်ရှိအောင် စိတ်အေးအေးထားကာ ဇွဲရှိရှိဖြင့် ကြိုးစားရပေမည်။ ထိုသို့မဟုတ်ဘဲ စိတ်ပူတတ်ပြီး ဟိုဟာ လုပ်လိုက်၊ သည်ဟာ လုပ်လိုက်ဆိုလျှင် အောင်မြင်မှု ရရှိမည် မဟုတ်ပေ။ စိတ်အေးအေးထားကာ အရာရာကို ကြိုးပမ်းသင့်သည်ဟု ထင်မြင်မိပါသည်။ ထို့ကြောင့် စိတ်ပူတတ်တာ မကောင်းဘူး ဟူသော အဆိုကို ထောက်ခံ ဆွေးနွေးလိုက်ရပေသည်။

□

mgyoe.com

m-gyoe.com SAMPLE BOOK

## အနားယူပြီးမှ စာကျက်တာ ကောင်းတယ်

တက္ကသိုလ်ဝင်တန်း ကျောင်းသားဘဝသည် လူငယ်များအတွက် အရေးအကြီးဆုံး ဘဝတစ်ခု ဖြစ်သည်။ လူတိုင်းသည် ကြီးပွားချမ်းသာလိုကြ သည်။ အောင်မြင် ကျော်ကြားလိုကြသည်။ နိုင်ငံခေါင်းဆောင်ကြီးများ ဖြစ်လိုကြသည်။ မိမိ ဖြစ်လိုသော ဘဝကို ရောက်ရှိရန်အတွက် လူတိုင်းသည် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာ အောင်မြင်ရပေမည်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ဘဝ တစ်နှစ်ပတ်လုံး စာကို ကြိုးစားရပေမည်။ ဆရာ၊ ဆရာမများ သင်ကြား ပေးလိုက်သော စာများကို နေ့စဉ် ကျက်မှတ်ရပါမည်။ သို့မှသာ များပြားလှသော သင်ခန်းစာများသည် မှတ်ဉာဏ်ထဲသို့ ရောက်ရှိလာပေမည်။ ကျောင်းသင်ခန်းစာ များကို ကျက်မှတ်ရာတွင် အချို့သည် ကျောင်းမှ ပြန်ရောက်ပြီးပြီးချင်း ကျက်မှတ်ကြသည်။ အချို့သည် အေးအေးဆေးဆေး အနားယူပြီးမှ ကျက်မှတ် ကြပါသည်။ ထိုစာကျက်နည်း နှစ်မျိုးသည် ကောင်းမွန်လှသော်လည်း အနားယူပြီးမှ စာကျက်သည်မှာ သင်ခန်းစာများကို မြန်မြန်ရစေသည်ဟု ထင်မြင်မိပါသည်။ ကျွန်တော်၏ ကိုယ်တွေ့အရ ပြောရလျှင် ကျောင်းသင်ခန်းစာများကို အနားယူပြီးမှ ကျက်တာ ကောင်းတယ် ဟူသောအဆိုမှာ မှန်ကန်လှပေသည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသားဘဝသည် ပင်ပန်းလှပေသည်။ ကျောင်းသင်ခန်းစာများကို နေ့စဉ် လေ့လာ သင်ယူနေရသည်။ ဆရာ၊ ဆရာမများ

m-gyoe.com

mgyoe.com SAMPLE BOOK


သင်ကြားပေးလိုက်သော သင်ခန်းစာများကို နေ့စဉ် ကျက်မှတ်ရသည်။ မရှင်းလင်းသော ဘာသာများကို ဆရာ၊ ဆရာမများကို မေးရသည်။ စာတော်သော သူငယ်ချင်းများကို မေးရသည်။ သင်ခန်းစာ အသစ်များကို ကြိုတင် လေ့လာထားရသည်။ များပြားလှသော ကျောင်းသင်ခန်းစာများကို အချိန်မီ ကျက်မှတ်နိုင်ရန်အတွက် နံနက်စောစောထ၍ စာကျက်ရသည်။ ကျောင်းသွားဖို့ ပြင်ဆင်ရသည်။ ကျောင်းသို့ အချိန်မီ သွားရသည်။ ကျောင်းတွင် ဆရာ၊ ဆရာမများ၏ သင်ကြားမှုကို ဂရုတစိုက် နားထောင်ရသည်။ ကျောင်းဆင်းလျှင် အိမ်သို့ ပြန်လာရသည်။ ထို့ကြောင့် ပင်ပန်းနွမ်းနယ်လှသည်။ ထိုပင်ပန်းမှုကို အိမ်ရောက်လျှင် ခေတ္တ အနားယူသင့်သည်။ မိမိနှစ်သက်သော အလုပ်တစ်ခုကို လုပ်ရင်း အနားယူသင့်သည်။ သီချင်း နားထောင်ရင်း၊ တီဗွီ ကြည့်ခြင်းဖြင့် အနားယူသင့်ပေသည်။ ထိုသို့ အနားယူလိုက်ပြီးနောက် စာကျက်လျှင် စာများ မှတ်မိသည်မှာ ကျွန်တော်၏ ကိုယ်တွေ့ ဖြစ်သည်။ ထို့ကြောင့် အနားယူပြီးမှ စာကျက်တာ ကောင်းသည် ဟူသော အဆိုမှာ ကျွန်တော့်အတွက် မှန်ကန်လှပေသည်။

ကျောင်းသား၊ ကျောင်းသူတိုင်း ကျောင်းမှ ပြန်ရောက်ရောက်ချင်း စာမကျက်သင့်သေးပေ။ ကျောင်းတွင် ပင်ပန်းလာသောကြောင့် ဗိုက်ဆာလာသည်။ ထို့ကြောင့် အာဟာရဖြစ်စေရန် ထမင်းစားသောက်ရမည်။ ထမင်းစားသောက်ပြီးနောက် အိမ်ရှေ့သို့ ထွက်ပြီး လေကောင်းလေသန့်များ ရှူရှိုက်ရမည်။ ထိုအခါ သန့်ရှင်းလတ်ဆတ်သော လေကြောင့် ဦးနှောက်သည် ကြည်လင်လာပေမည်။ အိမ်ရှေ့တွင် ရှိသော ပန်းပင်မှ ပန်းပွင့်လေးများကို ကြည့်ရမည်။ သစ်ပင်ကြီးများမှ ရွက်နုလေးများနှင့် အသီးများကို ကြည့်ရမည်။ ထိုအခါ မျက်စိသည် ကြည်လင်လာပြီး လန်းဆန်းလာပေမည်။ ထို့နောက် ဧည့်ခန်းတွင် သတင်းစာ၊ ဂျာနယ်တို့ ဖတ်ရှုသင့်သည်။ ထိုအချိန်တွင် တီဗွီအစီအစဉ်မှ မိမိ နှစ်သက်သော အပိုင်းကို ကြည့်ရှုသင့်ပေသည်။ ခေတ္တခဏ အနားယူပြီးသောအခါ ကျောင်းစာများကို ကျက်မှတ်ရပါမည်။ ထိုအခါ မိမိသင်ယူခဲ့သော သင်ခန်းစာများကို အလွယ်တကူ ရရှိပေမည်။ ထို့ကြောင့် အနားယူပြီးမှ စာကျက်တာ ကောင်းတယ် ဟူသောအဆိုမှာ မှန်ကန်လှပေသည်။

ကျောင်းသင်ခန်းစာများကို ကြိုးစားသူတိုင်းသည် အချိန်ပြည့် ကြိုးစားနေရသောကြောင့် ပင်ပန်းကြသည်။ တစ်နှစ်တာပတ်လုံး စာကြိုးစားရသဖြင့်

mgyoe.com  SAMPLE BOOK 

ရုပ်ခန္ဓာကိုယ် ပင်ပန်းသည်။ သင်ခန်းစာများကို မရမနေ တွက်ချက်၊ ကျက်မှတ်ရသောကြောင့် စိတ်ပင်ပန်းမှုလည်း ခံစားရသည်။ ရုပ်ခန္ဓာလည်း ပင်ပန်း၊ စိတ်ပိုင်းဆိုင်ရာလည်း ပင်ပန်းလျှင် အနားယူသင့်ပေသည်။ အနားမယူဘဲ ဆက်လက် ကြိုးစားနေလျှင် ကြာလာလျှင် ကျန်းမာရေး ထိခိုက်နိုင်ပါသည်။ ကျန်းမာရေး ထိခိုက်လျှင် ကျောင်းစာများ နောက်ကျမည်ကို သတိပြုရမည်။ ထို့ကြောင့် ကျောင်းသားတိုင်းသည် တစ်နေ့တာ ပင်ပန်းသမျှကို ခေတ္တခဏ အပန်းဖြေသင့်သည်။ သို့မှသာ ကျန်းမာရေးအတွက်လည်း ကောင်းမွန်သည်။ ကျောင်းစာများကိုလည်း ကျက်မှတ်နိုင်ပေမည်။ သင်ခန်းစာများကို အလွယ်တကူ ရရှိပေမည်။ မိမိကိုယ်တိုင်လည်း စိတ်ချမ်းသာ ပျော်ရွှင်မှုကို ခံစားရပေမည်။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်းသည် ခေတ္တခဏအနားယူပြီးမှ စာကျက်တာ ကောင်းမွန်လှပါသည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသားများသည် ကျောင်းသင်ခန်းစာအပြင် ဘက်စုံ ထူးချွန်အောင် ကြိုးစားနေရပါသည်။ တစ်ခါတစ်ရံ မိမိဝါသနာပါသော အားကစားပြိုင်ပွဲများတွင်လည်း ဝင်ရောက် ယှဉ်ပြိုင်ရသည်။ တစ်ခါတစ်ရံ စာစီစာကုံးပြိုင်ပွဲများတွင်လည်း ဝင်ရောက် ဖြေဆိုရသည်။ တစ်ခါတစ်ရံ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စကားရည်လုပွဲများတွင် ဝင်ရောက်ဆင်နွဲရသည်။ တစ်ခါတစ်ရံ ကျောင်းသန့်ရှင်းရေးကိုလည်း ဆောင်ရွက်ရသည်။

ထိုသို့ကျောင်း၏ လှုပ်ရှားမှုများတွင် ပါဝင်ရသဖြင့် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ကြသည်။ ထို့ကြောင့် ကိုယ်ရောစိတ်ပါ ပင်ပန်းမှုကို ဖြေဖျောက်ရန် ခေတ္တခဏ အနားယူကြရပေမည်။ အနားမယူဘဲ စာကျက်နေလျှင် ပင်ပန်းမှုကြောင့် စာမရနိုင်ပေ။ စာမရနိုင်လေ ပင်ပန်းလေဖြစ်ပြီး စိတ်အားငယ်လာပေမည်။ ထိုသို့ဖြစ်လာလျှင် မကောင်းပေ။ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတိုင်း အနားယူပြီးမှ စာကျက်တာကောင်းသည်ဟု အကြံပေးလိုက်ရပေသည်။

လူတိုင်း လူတိုင်းသည် ပင်ပန်း နွမ်းနယ်လာပါက အနားယူသင့်ပေသည်။ အနားမယူဘဲ ဆက်လက်လုပ်ဆောင်နေလျှင် အချိန်ကြာလာလျှင် ကျန်းမာရေးကို ထိခိုက်လာပါမည်။ ကျန်းမာရေးသည် လူတိုင်းအတွက် အရေးကြီးလှပေသည်။ တက္ကသိုလ်ဝင်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ပို၍ အရေးကြီးပေသည်။ ကျောင်းသား၊ ကျောင်းသူတိုင်းသည် နေ့စဉ် စာကျက်

mgyoe.com

mgyoe.com SAMPLE BOOK

ရမည် ဖြစ်သော်လည်း ခေတ္တအနားယူပြီးမှ စာကျက်သင့်ပါသည်။ သို့မှသာ မိမိဖြစ်လိုသော ရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်မည် ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများ ရည်မှန်းချက် ပြည့်ဝစေရန်အတွက် အနားယူပြီးမှ စာကျက်တာ ကောင်းသည်ဟူသော အဆိုကို ထောက်ခံရေးသားလိုက်ရပေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## အနားယူပြီးမှ စာကျက်တာ မကောင်းဘူး

ကျောင်းသားလူငယ်ဘဝတွင် အပင်ပန်းဆုံး၊ အခက်အခဲဆုံး အချိန်ကို ပြပါဆိုလျှင် တက္ကသိုလ်ဝင်တန်း ကျောင်းသားဘဝကို ဖြတ်သန်းရသော အချိန်ကို ပြရပေမည်။ တက္ကသိုလ်ဝင်တန်း တစ်နှစ်တာပတ်လုံး စာကို အချိန်ပြည့် ကြိုးစားနေရသည်။ အချိန်ကို အကျိုးရှိရှိ အသုံးချနေရသည်။ နံနက်စောစော အိပ်ရာမှထပြီး ညဘက် အိပ်ရာဝင်ချိန်အထိ စာကို ကြိုးစားနေရသည်။ မည်သို့ခက်ခဲ ပင်ပန်းနေသည်ဖြစ်ပါစေ၊ အနားမယူနိုင်ဘဲ စာကျက်မှသာ တက္ကသိုလ်ဝင်တန်း ထူးချွန်စွာ အောင်မြင်မည် ဖြစ်သည်။ အိမ်တွင် လည်းကောင်း၊ ကျောင်းအားလပ်ချိန်များတွင် လည်းကောင်း အချိန်ပြည့် ကြိုးစားနေမှသာ စာမေးပွဲတွင် ကောင်းစွာ အောင်မြင်နိုင်မည် ဖြစ်သည်။ ထို့ကြောင့် စာကျက်ရာတွင် အနားယူပြီးမှ စာကျက်တာ မကောင်းဘူးဟူသော အဆိုသည် မှန်ကန်လှသဖြင့် ထောက်ခံလိုက်ရပေသည်။

တက္ကသိုလ်ဝင်တန်း စာမေးပွဲသည် ကျောင်းသား၊ ကျောင်းသူတိုင်းအတွက် ခက်ခဲလှပေသည်။ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းရောက်သည်အထိ အဋ္ဌမတန်း တစ်ခုတည်းတွင်သာ တိုင်းအဆင့်မေးခွန်းကို ဖြေဆိုဖူးသည်။ အခြားသော အတန်းများတွင် သင်ကြားပေးသော ဆရာ၊ ဆရာမများ၏ မေးခွန်းကို ဖြေဆိုရသည်။ အမှတ်ခြစ်သူကလည်း ကိုယ့်ဆရာ၊ ဆရာမများ

mgyoe.com

mgyoe.com SAMPLE BOOK

ဖြစ်သောကြောင့် အခက်အခဲ မရှိလှပေ။ တက္ကသိုလ်ဝင်တန်းတွင် စာသင်ကြားသူက တစ်ယောက်၊ မေးခွန်းထုတ်သူက တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ဘာသာရပ်တိုင်းကို အသေးစိတ် လေ့လာရပေသည်။ မေးခွန်းဟောင်းများကို လေ့လာရသည်။ သင်ခန်းစာတစ်ရပ်ကို အသေးစိတ် ပြင်ဆင် လေ့လာရသည်။ မသိနားမလည်သည်များကို ဆရာ၊ ဆရာမများကို မေးမြန်းရသည်။ အတွေ့အကြုံရှိသော အစ်ကို၊ အစ်မများ၏ လမ်းညွှန်မှုကို ခံယူရသည်။ ဘာသာရပ်တိုင်းတွင် ထိုသို့ လုပ်ဆောင်ရသောကြောင့် အားလပ်ချိန် နည်းပါးရသည်။ ထို့ကြောင့် အနားမယူနိုင်ပေ။ အနားယူလိုက်လျှင် အရှိန်ပျက်သွားပေမည်။ ထို့ကြောင့် အနားယူပြီးမှ စာကျက်တာ မကောင်းဘူး ဟူသော အဆိုမှာ တက္ကသိုလ်ဝင်တန်း ကျောင်းသားဘဝအတွက် မှန်ကန်လှပေသည်။

တက္ကသိုလ်ဝင်တန်း ကျောင်းသားအချို့သည် ကျောင်းမှ အိမ်သို့ ပြန်ရောက်ချင်း အေးအေးဆေးဆေး အနားယူလိုက်ကြပါသည်။ အိမ်ပြန်ရောက်ရောက်ချင်း ထမင်းစားသည်။ ထို့နောက် ရုပ်မြင်သံကြား ကြည့်သည်။ ပြီးလျှင် ခေတ္တခဏ အိပ်လိုက်ပါသည်။ ထိုသို့ အနားယူပြီးမှ အေးအေးလူလူ စာကျက်လေ့ရှိသည်။ ထိုသို့ အနားယူလိုက်သောကြောင့် လေးလံထိုင်းမှိုင်းသွားပါသည်။ စာကျက်ရန် ပျင်းသွားသည်။ ထိုအခါ စာများ ကျက်ရသည်မှာ အလွယ်တကူ မရရှိတော့ပေ။ သင်္ချာများ တွက်လျှင်လည်း လွယ်လွယ်ကူကူ အဖြေမှန် မရပေ။ သိပ္ပံဘာသာရပ်များအတွက် ညီမျှခြင်းများ၊ သီအိုရီများ ကျက်မှတ်ရာတွင်လည်း အလွယ်တကူ မရတော့ပေ။ ထိုသို့ဖြစ်ရသည်မှာ အနားယူလိုက်သောကြောင့် ဖြစ်သည်။ ရုပ်မြင်သံကြား ကြည့်ခြင်းဖြင့် စာထဲမှာ အာရုံမရောက်တော့၊ အိပ်စက် အနားယူသဖြင့် ထုံထိုင်းသွားသည်။ ဦးနှောက်ရှင်လန်းမှုမရှိတော့ပေ။ ထို့ကြောင့် အနားယူပြီးမှ စာကျက်တာ မကောင်းဘူးဟူသောအဆိုမှာ မှန်ကန်နေပါသည်။

သူငယ်တန်းမှ နဝမတန်းအထိ ကျောင်းသားဘဝ တစ်လျှောက်လုံး မိဘ၏ အလုပ်များကို ဝိုင်းကူရသည်။ အိမ်သန့်ရှင်းရေး လုပ်ရသည်။ အမေ ထမင်းချက်လျှင် ဝိုင်းဝန်းကူညီပေးရသည်။ သစ်ပင်များကို ရေလောင်းပေးရသည်။ တက္ကသိုလ်ဝင်တန်းတွင် ထိုအလုပ်များကို ဖေဖေနှင့် မေမေက လုပ်ခွင့်မပေးတော့ပေ။ ထမင်းစားလျှင်လည်း အဆင်သင့် ပြင်ဆင်ပေးသည်။ လက်ဖက်ရည်၊ ကော်ဖီနှင့် မုန့်များကို အလွယ်တကူ စားသောက်နိုင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အဝတ်အစားလည်း အဆင်သင့် ပြင်ဆင်ပေးသည်။ ထိုသို့လုပ်ဆောင်ပေးခြင်းသည် စာကျက်ချိန် ပို၍ ရရှိစေရန် ဖြစ်သည်။ စာကျက်ချိန် များများရမှ ဘာသာရပ်တိုင်းကို အချိန်မီ လေ့လာနိုင်မည် ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ဝင်တန်း ကျောင်းသားတစ်ဦးအတွက် နားချိန် မရှိနိုင်ပေ။ ထိုအချက်ကို ကြည့်လျှင် အနားယူပြီးမှ စာကျက်တာ မကောင်းဘူးဟူသောအဆိုမှာ မှန်ကန်နေပါသည်။

လူတိုင်းသည် အောင်မြင်မှုကို လိုလားကြပါသည်။ ထူးချွန်သော၊ ထက်မြက်သော၊ ထင်ရှားသော ဘဝများကို မက်မောကြသည်။ ယနေ့ အောင်မြင်နေသော ဆရာဝန်ကြီးများ၊ ကျော်ကြားနေသော စီးပွားရေးပညာရှင်ကြီးများ၊ စာရေးဆရာကြီးများ၊ စစ်ဗိုလ်ကြီးများသည် ငယ်စဉ်က ကြိုးစားခဲ့ရသည်။ မိမိတို့၏ ရည်မှန်းချက်ပန်းတိုင် ရောက်အောင် ကြိုးစားခဲ့ရသည်။ အောင်မြင်မှု ရရှိမှသာ အေးအေးလူလူ အပန်းဖြေကြသည်။ မအောင်မြင်ခင်က အပင်ပန်းခံခဲ့ကြသည်။ အနားယူခဲ့ခြင်း မရှိပေ။ တက္ကသိုလ်ဝင်တန်း ကျောင်းသားများသည် အောင်မြင်မှု ရရှိလိုပါလျှင် အချိန်ပြည့် ကြိုးစားနေရပါမည်။ အနားယူမည် ဟူသော စိတ်ကို ပယ်ဖျောက်ကာ လူငယ်တစ်ဦး၏ စွမ်းအားကို ထုတ်ဖော်ကာ ကြိုးစားရပေမည်။ လူငယ်ဆိုသည်မှာ အချိန်တိုင်း ဖျတ်လတ်တက်ကြွနေရပေမည်။ ထို့ကြောင့် အနားယူပြီးမှ စာကျက်တာ မကောင်းဘူး ဟူသော အဆိုမှာ ကျောင်းသား လူငယ်များအတွက် မှန်ကန်သော အဆို ဖြစ်ပါသည်။

လူငယ်ဆိုသည်မှာ အနာဂတ်၏ သားကောင်းရတနာများ ဖြစ်သည်။ ကျောင်းသားလူငယ်များသည် နောင်တစ်ချိန်တွင် တိုင်းပြည်၏တာဝန်များကို ထမ်းဆောင်ရမည့်သူများ ဖြစ်သည်။ ကျောင်းသားလူငယ်ဘဝတွင် အနားယူရမည် ဟူသောစိတ်ကို ပယ်ဖျောက်ကာ ကြိုးစားရပါမည်။ အနားယူသော စိတ်ဝင်သွားလျှင် မကြာခဏ အနားယူရမည်ဟု အထင်ရောက်သွားနိုင်သည်။ လူငယ်ဘဝတွင် မလိုအပ်ဘဲ အနားမယူသင့်ပေ။ ထို့ကြောင့် အနားယူပြီးမှ စာကျက်တာ မကောင်းဘူး ဟူသောအဆိုကို ထောက်ခံလိုက်ရပေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှုရှိတာ ကောင်းတယ်

လူတို့သည် ပွင့်လင်း ရိုးသားသူများကို နှစ်သက်ကြပါသည်။ စကားပြောဆိုရာတွင် ပွင့်လင်း ရိုးသားသူကို သဘောကျ နှစ်သက်သည်။ အလုပ်လုပ်ကိုင်ရာတွင် ပွင့်ပွင့်လင်းလင်း ပြောဆို လုပ်ကိုင်တတ်သူကို နှစ်သက်သည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ပွင့်ပွင့်လင်းလင်း ဆက်ဆံတတ်သူကို ခင်မင်တတ်ကြသည်။ ယနေ့ မြန်မာနိုင်ငံတွင် ခေတ်စားလာသော စကားလုံးမှာ၊ ပွင့်လင်းမြင်သာမှု ဟူသောစကားလုံး ဖြစ်သည်။ ပွင့်လင်းမြင်သာမှု ရှိခြင်းကြောင့် တစ်ဦးနှင့်တစ်ဦး နားလည်မှုရသည်။ တစ်ဦး၏ အခက်အခဲကို တစ်ဦးက အကူအညီပေးကြသည်။ တစ်ဦး၏ အမှားကို တစ်ဦးက ထောက်ပြကာ အမှန်ကို ရောက်ရှိစေပါသည်။ ထိုအခါ မိမိအသိုင်းအဝိုင်းတွင် တစ်ဦးနှင့်တစ်ဦး သံသယစိတ်များ မရှိတော့ပေ။ လူတိုင်း နားလည်မှုရကာ ပြောဆိုလုပ်ကိုင်နိုင်သဖြင့် အောင်မြင်မှုကို ရရှိလာသည်။ ထို့ကြောင့် အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှုရှိတာ ကောင်းတယ် ဟူသောအဆိုကို လူတိုင်းက ထောက်ခံပြောဆိုနေကြပါသည်။

လူတို့သည် ချမ်းသာမှုကို နှစ်သက်ကြသည်။ ဆင်းရဲမှုကို မလိုလားကြပေ။ မိမိ ဆင်းရဲသည်ကို လူသိမှာ ရှက်ကြသည်။ ပညာရှာဖွေချိန်တွင် ချမ်းသာသည်၊ ဆင်းရဲသည်မှာ အဓိကမကျပေ။ ပညာကို ကြိုးစားသင်ယူမှု

mgyoe.com

mgyoe.com SAMPLE BOOK

သည်သာ အဓိကကျပါသည်။ မိမိ၏ အဓိကရည်မှန်းချက်မှာ ပညာတတ်မြောက်ရေး ဖြစ်သည်ကို နားလည်ထားရပေမည်။ ထိုအချက်ကို လက်ခံကာ အချို့သော သူတို့သည် မိမိ ဆင်းရဲသည်ကို ပွင့်ပွင့်လင်းလင်း မပြောဆိုတတ်ကြပေ။ ဆင်းရဲသည်ကို ရှက်စရာဟု သဘောမထားဘဲ စာကိုသာ ကြိုးစားသည်။ စာကြိုးစားသော တပည့်ကို ဆရာ၊ ဆရာမများကလည်း ချစ်ခင်ကြသည်။ ဆင်းရဲသော တပည့်ကို စိတ်အားမငယ်စေရန် အစစအရာရာ ကူညီပေးသည်။ ထိုအခါ တပည့်သည် စိတ်ဓာတ် ခွန်အားများ ရရှိကာ စာကို ကြိုးစားလာပါသည်။ ပညာထူးချွန်သူ ဖြစ်လာသည်။ တက္ကသိုလ်ဝင်တန်းတွင် ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်သည်။ မိမိ ဝါသနာပါသော တက္ကသိုလ်တက်ရန် ငွေကြေးအခက်အခဲကို သူဌေးကြီးများက ကူညီကြသည်။ သူ၏ ပညာရေး တိုးတက်ရေး ခရီးလမ်းသည် ဖြောင့်ဖြူးခဲ့ပါသည်။ ထို့ကြောင့် အရာရာ တိုင်းမှာ ပွင့်လင်းမြင်သာမှုရှိတာ ကောင်းသည်မှာ ထင်ရှားပါသည်။

လူတို့သည် ခေတ်မီသည်ကို နှစ်သက်ကြသည်။ ခေတ်နှင့်အညီ နေထိုင် ပြောဆိုလေ့ ရှိသည်ကို ဂုဏ်ယူကြသည်။ ခေတ်မီ အဝတ်အစား၊ အသုံးအဆောင်တို့ကို ကြွားဝါလို၍ သုံးစွဲလေ့ရှိကြသည်။ ထိုသူများသည် အကြွားအဝါဘက်တွင်သာ သန်ပြီး စာကို ကြိုးစားသူများ မဟုတ်ကြပေ။ အချို့သော သူတို့သည် ရိုးရိုးသားသား ဝတ်ဆင်သည်။ ရိုးရိုးသားသား နေထိုင်သည်။ ကြွားကြွားဝါဝါ မနေဘဲ စာကို ကြိုးစားကြသည်။ ကျောင်း၏ လှုပ်ရှားမှုများတွင် ပါဝင်သည်။ ကျောင်း၏ ဘာသာရေးပွဲများ၊ သစ်ပင်စိုက်ပျိုးပွဲများ၊ သန့်ရှင်းရေး ဆောင်ရွက်မှုများတွင် ပါဝင်သည်။ ကြက်ခြေနီအသင်း၊ ကင်းထောက်လူငယ် အသင်းတို့တွင် ဆောင်ရွက်သည်။ ထိုသို့ ဘက်စုံထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများကို လူရည်ချွန်အဖြစ် ရွေးချယ်ထားကြသည်။ မြန်မာတစ်နိုင်ငံလုံးမှ လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံး နှီးနှောခွင့်ကို ရရှိသည်။ ထိုအချက်သည် အရာရာတိုင်းမှာ ပွင့်လင်း မြင်သာမှုရှိတာ ကောင်းတယ်ဟူသော အဆိုကို ထင်ရှားစေပါသည်။

လူအချို့သည် မိမိတို့၏ ဝမ်းရေးအတွက် ရိုးရိုးသားသား လုပ်ကိုင်စားသောက်ကြသည်။ ထိုသို့လုပ်ကိုင် စားသောက်ရသဖြင့် ဆင်းရဲသော်လည်း ပျော်ရွှင်ကြသည်။ မိမိတို့၏ ရိုးသားမှုကို ဂုဏ်တစ်ခုအဖြစ် ရပ်တည်ကာ ရောင့်ရဲတင်းတိမ်စွာ နေထိုင်ကြသည်။ သူတို့၏ ဘဝသည် ပျော်ရွှင်ကြည်နူးစရာ

mgyoe.com

mgyoe.com SAMPLE EBOOK

ကောင်းလှပေသည်။ အချို့သောသူတို့သည် ရိုးသားမှုကို မလိုလားဘဲ ကြီးပွားချမ်းသာမှုကို လိုချင်ကြသည်။ မရိုးမသား၊ စီးပွားရှာလိုသည်။ ဥပဒေနှင့် မကင်းသော အလုပ်များကို လုပ်ကိုင်သည်။ တစ်ခဏအတွင်း ကြီးပွားချမ်းသာလာကြသည်။ ထိုချမ်းသာမှုသည် တာရှည် မခံနိုင်ပေ။ ဥပဒေနှင့် မလွတ်ကင်းသောကြောင့် အဖမ်းခံရသည်။ လူအများ အလယ်တွင် အရှက်ကွဲခဲ့ရသည်။ အချို့သော ကျောင်းသားများသည် စာမကြိုးစားကြပေ။ သို့သော် စာမေးပွဲတွင် အောင်မြင်လိုကြသည်။ ထို့ကြောင့် စာမေးပွဲခန်းထဲတွင် မသမာသော နည်းကို သုံးကြသည်။ ဆရာ၊ ဆရာမများ တွေ့မြင်သွား၍ အရေးယူခံရသည်။ ကျောင်းသား၊ ကျောင်းသူများ အလယ်တွင် အရှက်ကွဲခဲ့ရသည်။ ထိုကျောင်းသားများသည် ပွင့်လင်းမြင်သာမှုရှိစွာ စာမကြိုးစားခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် အရာရာတွင် ပွင့်လင်းမြင်သာမှုရှိတာ ကောင်းလှပေသည်။

ကျောင်းသား၊ ကျောင်းသူ အများစုသည် စာကို ကြိုးစားကြပါသည်။ သို့ရာတွင် သင်ခန်းစာများကို တစ်ခါတစ်ရံ နားမလည်ကြပေ။ ထိုအခါ ကျောင်းသား၊ ကျောင်းသူအချင်းချင်း မေးမြန်းကြသည်။ နားလည်သော ကျောင်းသားက မပွင့်လင်းသော ကျောင်းသားအား ပြန်လည် ရှင်းပြသည်။ ထိုအခါ အဖြေမှန်ကို ရသွားသည်။ တစ်ခါတစ်ရံ ကျောင်းသားအချင်းချင်း နားမလည်သောအခါ ဆရာ၊ ဆရာမများကို မေးမြန်းကြသည်။ ဆရာ၊ ဆရာမများက စိတ်ရှည်လက်ရှည် ရှင်းပြသောကြောင့် နားလည်ခဲ့ရသည်။ မိမိမသိ နားမလည်သော အချက်များကို မေးမြန်းရမည်ကို ရှက်ကြောက်ခြင်း မရှိဘဲ မေးမြန်းခြင်းကြောင့် အဖြေမှန်ရခဲ့ခြင်း ဖြစ်သည်။ ကျောင်းသားအချင်းချင်းနှင့် ဆရာ၊ ဆရာမများကို ပွင့်လင်းမြင်သာမှုရှိစွာ မေးမြန်းခြင်းကြောင့် ဖြစ်သည်။ အချို့သော ကျောင်းသားများမှာ ထိုသို့ မဟုတ်ပေ။ စာမေးရသည်ကို ရှက်ကြောက်ကြသည်။ ထို့ကြောင့် ပွင့်လင်းမြင်သာစွာ မေးမြန်းခြင်း မရှိဘဲ နေလိုက်ကြသည်။ စာမေးပွဲတွင် ထိုမေးခွန်းများ ပါလာသောအခါ အခက်တွေ့ရသည်။ မဖြေနိုင်တော့ပေ။ ထို့ကြောင့် မိမိမသိသည်ကို ပွင့်လင်း မြင်သာမှုရှိစွာဖြင့် မေးမြန်းခြင်းသည် လိုအပ်လှပေသည်။

အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု ရှိခြင်းသည် လူတစ်ယောက်အတွက် တိုးတက်မှုကို ဖြစ်စေပါသည်။ စီးပွားရှာရာတွင်လည်းကောင်း၊

mgyoe.com

mgyoe.com SAMPLE BOOK

ပေါင်းသင်း ဆက်ဆံရာတွင်လည်းကောင်း၊ ပညာရှာတွင်လည်းကောင်း ပွင့်လင်းမြင်သာမှု ရှိရပေမည်။ ထိုသို့မဟုတ်ဘဲ မိမိကိုယ်ကို ဟန်ဆောင်ပြီး ပွင့်လင်းမြင်သာမှု မရှိခြင်းသည် အခက်အခဲများနှင့် ရင်ဆိုင်ရနိုင်ပေသည်။ ကျောင်းသား၊ ကျောင်းသူများသည် မိမိတို့၏ ပညာရေးခရီးလမ်း ဖြောင့်ဖြူးစေလိုလျှင် ပွင့်လင်းမြင်သာမှုရှိအောင် အရင်ကြိုးစားရပေမည်။ ထို့ကြောင့် အရာရာတိုင်း ပွင့်လင်းမြင်သာမှု ရှိခြင်းသည် လူတိုင်းအတွက် ကောင်းသည်ဟု ထောက်ခံရေးသားလိုက်ရပေသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းတယ်

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို တည်ဆောက်ပြီး ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားနေကြပါသည်။ ဒီမိုကရေစီစနစ်သည် ပွင့်ပွင့်လင်းလင်း ပြောဆိုဝေဖန်သော စနစ်ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ စီးပွားရေးကိစ္စများတွင် ပွင့်ပွင့်လင်းလင်း ပြောဆိုနေကြပါသည်။ ထို့ကြောင့် တိုင်းသူပြည်သားများသည် အစိုးရ၏ လုပ်ဆောင်မှုများကို သိမြင်ခွင့် ရနေပါသည်။ သို့ရာတွင် ပွင့်လင်းမြင်သာမှု ရှိသည်မှာ ကောင်းသော်လည်း အရာရာတိုင်း ပွင့်ပွင့်လင်းလင်း မြင်သာမှုရှိသည်မှာ မကောင်းနိုင်ပေ။ မသိသင့်၊ မသိထိုက်သော ကိစ္စများကို အချိန်မတိုင်မီ အသိမပေးသင့်ပေ။ ကြိုတင် အသိပေးလိုက်ပါက ဝေဖန်မှုများ ပေါ်ထွက်လာကာ အချိန်ကြန့်ကြာသွားတတ်သည်။ လုပ်ဆောင်ရမည့် အလုပ်များအတွက် နှောင့်နှေးသွားတတ်ပေသည်။ ထို့ကြောင့် အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှုရှိတာ မကောင်းဘူး ဟူသော အဆိုကို ထောက်ခံလိုက်ရပေသည်။

ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများကို စာသင်ခန်းထဲတွင် သင်ခန်းစာများကို မခြွင်းမချန် သင်ကြားပေးကြသည်။ မရှင်းလင်းသည်များကို ချက်ချင်း ရှင်းလင်းပေးသည်။ ကျောင်းသား၊ ကျောင်းသူများ သိသင့် သိထိုက်သော အရာအားလုံးကို ပွင့်ပွင့်လင်းလင်း ပြောဆို ရှင်းလင်းပါသည်။ သို့သော် ကျောင်းသား၊ ကျောင်းသူများ မသိသင့်သော အချက်

mgyoe.com

mgyoe.com


များကို အနည်းငယ်မျှပင် မပြောဆိုကြပေ။ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အချိန်တန်မှ သိရမည်ဖြစ်သော မေးခွန်းကို ကြိုတင်သိချင်ကြသည်မှာ သဘာဝ ဖြစ်သည်။ မေးခွန်းကြိုသိလျှင် စာမေးပွဲ စစ်သည်မှာ အကျိုးမရှိနိုင်တော့ပေ။ ဆရာ၊ ဆရာမများသည် သင်ခန်းစာ သင်ကြားရေးအတွက် အရာရာကို ပွင့်လင်းမြင်သာ မရှိသော်လည်း ထိုအချက်ကို စောင့်ထိန်းကြပါသည်။ ထို့ကြောင့် အရာရာတွင် ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းတယ်ဟူသောအဆိုကို ထောက်ခံပါသည်။

မိဘများသည် သားသမီးတို့၏ ပညာရေးကို အလေးထားကြသည်။ အချို့သော မိဘများသည် ချမ်းသာကြသဖြင့် သားသမီးများကို အဆင်ပြေစွာ ထောက်ပံ့နိုင်ကြသည်။ အချို့မှာ ဆင်းရဲသောကြောင့် သားသမီးများကို အနည်းငယ်သာ ထောက်ပံ့နိုင်ကြပါသည်။ သို့သော် သားသမီးတို့ မျက်နှာမငယ်စေရန် မိဘများက လျှို့ဝှက်ထားကြသည်။ သားသမီး မသိအောင် အလုပ်ကို ကြိုးစား လုပ်ဆောင်ကြသည်။ သားသမီးများ ပညာကြိုးစားလာအောင်၊ စိတ်အားမငယ်အောင် ပိုက်ဆံများကို ရှာဖွေကြပါသည်။ ထိုအချက်ကို သားသမီးများက မသိရှိကြပေ။ သားသမီးများကလည်း စာကြိုးစားကြသဖြင့် ထူးချွန်လာကြပါသည်။ ထိုအခါ မိဘများက ဝမ်းသာကြသည်။ သားသမီးများ စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်သောအခါ ဝမ်းသာကြရသည်။ ထိုသို့ မဟုတ်ဘဲ ဆင်းရဲသော မိဘများက သားသမီးတို့ကို မိမိတို့၏ ငွေကြေးအခက်အခဲကို ပွင့်လင်းမြင်သာစွာ ပြောဆိုလိုက်လျှင် သားသမီးများ စိတ်ဓာတ်ကျသွားပါမည်။ ထို့ကြောင့် အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းတယ်ဟူသော အဆိုမှာ မှန်ကန်လှပေသည်။

ကိုယ်ကျိုးစီးပွား ရှာကြသော ဝိသမလောဘသားများသည် မူးယစ်ဆေးဝါးများကို ရောင်းချကြပါသည်။ ထိုသူများသည် မူးယစ်ဆေးဝါးခေါ် စိတ်ကြွရူးသွပ်ဆေးပြားများကို လူငယ်များအား ရောင်းချလျက်ရှိသည်။ မသိနားမလည်သော လူငယ်များက သုံးစွဲကြပါသည်။ တတ်ကြွသော လူငယ်တို့၏ ဘဝကို ဖျက်ဆီးလိုက်ကြပါသည်။ မူးယစ်ဆေးဝါး အန္တရာယ်ကို တိုက်ဖျက်သော အစိုးရသည် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော သတင်းများကို ပေးသူအား ဆုငွေများ ချီးမြှင့်သည်။ သတင်းပေးသည့်သူ၏ နာမည်ကို လျှို့ဝှက်ပေးထားသည်။ ထို့ကြောင့် သတင်းပေးသူများ ပေါ်ထွက်လာကြပြီး မူးယစ်ဆေး

mgyoe.com

mgyoe.com SAMPLE BOOK


ဝါး ဖမ်းဆီးသည့် သတင်းများကို မကြာခဏ ကြားနေရပါသည်။ ထိုအချက်သည် သတင်းပေးသူအား ပွင့်လင်းမြင်သာမှုရှိစွာ ထုတ်ဖော်ခြင်းမရှိသောကြောင့် ဖြစ်သည်။ ပွင့်လင်းမြင်သာစွာ ထုတ်ဖော်ပြောဆိုလိုက်လျှင် သတင်းပေးသူတွင် အန္တရာယ်ကျရောက်နိုင်ပေသည်။ ထိုအခါ မည်သူမျှ သတင်းပေးမည် မဟုတ်တော့ပေ။ ထိုအချက်သည် အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းတယ် ဟူသောအဆိုကို ထောက်ခံလျက် ရှိနေပါသည်။

ယနေ့ကမ္ဘာကြီး၏ အချို့ဒေသများ၌ စစ်ပွဲများ ဖြစ်ပွားနေပါသည်။ ထိုသို့စစ်ပွဲများ ဖြစ်ပွားနေလျှင် တစ်ဖက်နှင့်တစ်ဖက် စစ်ရေးလှုပ်ရှားမှုများကို လျှို့ဝှက်ထားရပါသည်။ ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်း မရှိကြပေ။ ပွင့်လင်းမြင်သာမှုရှိစွာ ပြောဆိုလိုက်လျှင် ရန်သူများသည် သိရှိသွားမည်ဖြစ်သည်။ ထိုအခါ ရန်သူ၏ ချေမှုန်းခြင်းကို ခံရပြီး အရှုံးနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။ ထို့ကြောင့် မိမိ၏ နည်းဗျူဟာများကို လျှို့ဝှက်ထားပြီး ရန်သူ၏ အားနည်းချက်ကို ရှာဖွေ တိုက်ခိုက်ရပေမည်။ ရန်သူ၏ စစ်ရေး လျှို့ဝှက်သတင်းများကို ရှာဖွေစုဆောင်း လုပ်ဆောင်ရပေမည်။ ထိုသို့လုပ်ဆောင်နိုင်မှသာ စစ်ပွဲ၌ အောင်မြင်မှုကို ရရှိပေမည်။ ထို့ကြောင့် အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းတယ် ဟူသောအဆိုမှာ မှန်ကန်လှပေသည်။

ပွင့်လင်းမြင်သာမှု ရှိခြင်းသည် ဒီမိုကရေစီကျင့်စဉ် ဖြစ်ပါသည်။ ပွင့်လင်းမြင်သာမှု ရှိသောကြောင့် ဝေဖန်ထောက်ပြနိုင်သည်။ အကြံဉာဏ်ပေးနိုင်သည်။ ထို့ကြောင့် အမှန်ကို ရရှိပေမည်။ သို့ရာတွင် အရာရာကို ပွင့်လင်းမြင်သာမှု ရှိခြင်းမှာ မကောင်းနိုင်ပေ။ မသိသင့်၊ မသိထိုက်သော လျှို့ဝှက်ချက်များကို လူတိုင်းအား အသိမပေးသင့်ပေ။ အသိပေးသင့်သည့် အချိန်မှသာ ထုတ်ဖော် ပြောဆိုရပါမည်။ ယနေ့အချိန်အခါတွင် နည်းပညာ အသစ်များ တိုးပွားလျက်ရှိသည်။ ကုမ္ပဏီများသည် ကုန်ပစ္စည်းများကို အပြိုင်အဆိုင် ထုတ်လုပ်ကြသောကြောင့် မိမိတို့၏ နည်းပညာကို လျှို့ဝှက်ထားကြသည်။ အချိန်မတန်ဘဲ ထုတ်ဖော် ပြောဆိုလိုက်လျှင် အခြားသော ကုမ္ပဏီများက အပြိုင်အဆိုင် ထုတ်လုပ်လာသဖြင့် အရှုံးနှင့် ရင်ဆိုင်ရနိုင်သည်။ ထို့ကြောင့် အရာရာတိုင်းမှာ ပွင့်လင်းမြင်သာမှု မရှိတာ ကောင်းသည်ဟူသော အဆိုမှာ လူတိုင်းအတွက် မှန်ကန်လှသော အဆိုတစ်ခု ဖြစ်ပေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည်

လူ့ဘဝကို ရရှိလာသူတိုင်းသည် ပျော်ရွှင်မှုကို လိုလားတောင့်တကြ ပါသည်။ စိတ်ညစ်ညူးမှုကို မလိုလားကြပေ။ စိတ်ညစ်စရာ အလုပ်များ၊ အပြုအမူများ၊ စိတ်ညစ်စေတတ်သော အပေါင်းအသင်းများကို ရှောင်ကြပါသည်။ ပျော်ရွှင်စရာ အလုပ်များ၊ အပြုအမူများ၊ ပျော်ရွှင်စေတတ်သော အပေါင်းအသင်းများကို ပေါင်းသင်းဆက်ဆံကြသည်။ မိမိအသိုင်းအဝိုင်းတွင် စိတ်ညစ်စရာ အပေါင်းအသင်း တစ်ယောက်ရှိလျှင် ထိုသူနှင့် မဆက်ဆံတော့ပေ။ ထိုသူကို ဖယ်ထုတ်လိုက်ကြပါသည်။ ထိုသူ မရှိသောအခါ မိမိအသိုင်းအဝိုင်းတွင် ပျော်ရွှင်မှုများ ရရှိလာပါသည်။ မိတ်ဆွေ အပေါင်းအသင်းများနှင့် ခရီးအတူတူ သွားကြသည်။ ရုပ်ရှင်အတူတူ ကြည့်ကြသည်။ ဂီတဖျော်ဖြေပွဲကို သွားကြသည်။ ထိုသို့ သွားလာ ကြည့်ရှုသောအခါ ပျော်ရွှင်မှုအတွက် ငွေကြေးသုံးစွဲ ရပါသည်။ ထို့ကြောင့် ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည် ဟူသော အဆိုကို လူအများက ထောက်ခံလျက် ရှိကြပါသည်။

လူတို့သည် မိမိတို့၏ စားဝတ်နေရေးအတွက် ငွေကို ရှာဖွေကြသည်။ ဆင်းရဲသူကလည်း ငွေရရှိအောင် အလုပ်လုပ်ကြရသည်။ ချမ်းသာသူကလည်း မိမိစီးပွား တည်မြဲဖို့အတွက် ငွေကို တိုးပွားအောင် လုပ်ဆောင်ကြသည်။ ဆင်းရဲသူဖြစ်စေ၊ ချမ်းသာသူဖြစ်စေ ငွေများများရလျှင် ပျော်ရွှင်ကြသည်။ စိတ်ချမ်းသာကြသည်။ ငွေမရှိလျှင် မိမိတို့၏ စားဝတ်နေရေးအတွက် စိတ်ပူပင်

mgyoe.com

mgyoe.com SAMPLE BOOK


ကြောင့်ကြရသည်။ ထိုအခါ ပျော်ရွှင်မှုကို မဖန်တီးနိုင်တော့ပေ။ ငွေမရှိသဖြင့် စိတ်ညစ်ကြရသည်။ ထို့ကြောင့် ငွေကို လူတိုင်း ရှာဖွေကြခြင်း ဖြစ်သည်။ မိမိတို့၏ ကိုယ်ပိုင်အလုပ်ကိုလည်း ကြိုးကြိုးစားစားလုပ်ကိုင်သည်။ ထိုသို့ ကြိုးစား လုပ်ကိုင်သဖြင့် ရရှိလာသော ငွေများကို စုဆောင်းထားကြသည်။ မိသားစု အနာဂတ် သုံးစွဲရန်အတွက် ရည်မှန်း၍ စုဆောင်းကြခြင်း ဖြစ်သည်။ ငွေများများ စုဆောင်းနိုင်လေလေ ဝမ်းမြောက်ပျော်ရွှင်လေလေ ဖြစ်ကြသည်။ ထို့ကြောင့် ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည် ဟူသောအဆိုမှာ လူသားတိုင်း အတွက် မှန်ကန်လှပေသည်။

လူသည် ငယ်ရွယ်စဉ်အခါတွင် ပညာရှာဖွေ ဆည်းပူးရသည်။ ပညာဆိုသည်မှာ ချက်ချင်း တတ်မြောက်သော အရာမဟုတ်ပေ။ တဖြည်းဖြည်း ချင်း ဆည်းပူးမှသာ တတ်မြောက်သောအရာ ဖြစ်သည်။ ထို့ကြောင့် ပညာရေး ခရီးလမ်းသည် ရှည်လျားလှပေသည်။ ရှည်လျားသော ပညာရေးခရီးလမ်းကို လျှောက်လှမ်းနိုင်ဖို့အတွက် ငွေလိုအပ်ပါသည်။ ငွေရှိမှသာ ပညာကို အေးအေး ဆေးဆေး သင်ယူနိုင်ပေမည်။ ငွေရှိသဖြင့် အခြားသော ကျောင်းသား၊ ကျောင်း သူများနှင့် တန်းတူ သွားလာနိုင်သည်။ ပေါင်းသင်း ဆက်ဆံနိုင်မည် ဖြစ်ပေ သည်။ ငွေရှိသဖြင့် စိတ်အားငယ်စရာ မလိုဘဲ ပျော်ရွှင်စွာ ပညာဆည်းပူးနိုင် ပေမည်။ မိမိ ဖြစ်လိုသော ပညာတတ်ကြီး ဘဝကို ငွေရှိသဖြင့် အေးအေး ဆေးဆေး တည်ဆောက်နိုင်ပါမည်။ မိမိ ဖြစ်လိုသော ပညာတတ်ကြီး ဖြစ်လာ သောအခါ မိမိ၏ မိသားစုလည်း ပျော်ရွှင်ရသည်။ ဆွေမျိုးများကလည်း ဂုဏ်ယူ ပျော်ရွှင်ရပါသည်။ ထို့ကြောင့် ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည်မှာ မှန်ကန်လှပေသည်။

လူတို့သည် မိမိတို့ နေထိုင်ရာ ဒေသတစ်ခုတည်းတွင် ထာဝရနေထိုင် သွားသည် မဟုတ်ပေ။ မိမိဒေသမှ အခြားဒေသများသို့ အလည်ခရီးကို သွား လာလေ့ရှိပါသည်။ ကမ္ဘာ့နေရာဒေသ အနှံ့အပြားသို့ သွားကာ ဒေသန္တရ ဗဟုသုတကို ရှာဖွေဆည်းပူးကြသည်။ ကမ္ဘာ့အံ့ဖွယ် နေရာဒေသများသို့ သွားကာ လေ့လာကြသည်။ ကမ္ဘာကျော် ပင်လယ်ကမ်းခြေများသို့သွားကာ အပန်းဖြေကြသည်။ မိမိ သွားလိုသည့် ဒေသများသို့ သွားရန်အတွက် ငွေရှိရန် လိုပါသည်။ ငွေရှိလျှင် စိတ်ဆန္ဒရှိသော ခရီးကို အချိန်မရွေး သွားနိုင်သည်။ မိမိ နှစ်သက်သော အသုံးအဆောင် ပစ္စည်းများကို ဝယ်ယူနိုင်သည်။ ခရီးသွား

mgyoe.com

mgyoe.com

SAMPLE BOOK


လာရင်း မိမိ၏ စီးပွားရေးလုပ်ငန်း တိုးချဲ့ရန်အတွက် စိတ်ကူးကောင်းများ ရရှိနိုင်ပေသည်။ ထို့ကြောင့် ခရီးသွားလာရင်းမှနေ၍ စီးပွားရေး အကျိုးအမြတ်ကို ဖော်ဆောင်နိုင်ပါသည်။ ထိုအခါ မိမိအလုပ်အတွက် ပျော်ရွှင်စရာ ဖြစ်လာခဲ့သည်။ ထိုသို့ ပျော်ရွှင်စရာ ခရီးမှ အကျိုးအမြတ် ဖန်တီးနိုင်သည်မှာ ငွေကြောင့် ဖြစ်သည်။ ထို့ကြောင့် ပျော်ရွှင်မှုကို ငွေဖြင့် ရှာနိုင်သည်မှာ မည်သူမျှ မငြင်းနိုင်ပေ။

ငွေရှိလျှင် လောကီ အလုပ်များသာမက လောကုတ္တရာ အကျိုးကိုလည်း လုပ်ဆောင်နိုင်ပါသည်။ ငွေရှိလျှင် လောကီ အလုပ်များဖြစ်သော ပညာရှာဖွေခြင်း၊ စီးပွားရှာဖွေခြင်း၊ ခရီးထွက်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ထို့အပြင် သံသရာ အကျိုးစီးပွားအတွက်လည်း အလှူဒါန ပြုနိုင်ပါသည်။ ဘုရားတည်၊ ကျောင်းဆောက်ရာတွင် လှူဒါန်းနိုင်သည်။ ပဥ္စင်းခံ၊ ရှင်ပြု၊ နားသပွဲများတွင် အလှူကြီး ပေးနိုင်ပါသည်။ မရှိဆင်းရဲသားများကို လှူဒါန်းခွင့်လည်း ရသည်။ သဘာဝဘေးဒဏ် ခံစားရသော သူများကို သွားရောက် လှူဒါန်းနိုင်သည်။ ပညာဆက်လက် ဆည်းပူးရန် ငွေကြေး အခက်အခဲ ရှိသူများကိုလည်း ထောက်ပံ့နိုင်သည်။ မိမိ၏ ဆွေမျိုးသားချင်းများကိုလည်း အကူအညီ ပေးနိုင်ပါသည်။ ထိုသို့ လောကုတ္တရာ အကျိုးကို ဆောင်ရွက်နိုင်သဖြင့် ဘဝတစ်လျှောက်လုံး ပျော်ရွှင်ကြရပါသည်။ ထို့ကြောင့် ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည် ဟူသော အဆိုမှာ မှန်ကန်လှပေသည်။

လူသည် ပျော်ရွှင်မှုကို လိုလား တောင့်တကြပါသည်။ လူတို့ ပျော်ရွှင်မှု ဖြစ်စေရန် အရာရာကို ပေးနိုင်သည်မှာ ငွေဖြစ်သည်။ ငွေရှိလျှင် မိမိလုပ်လိုသော အလုပ်များကို လုပ်ဆောင်နိုင်သည်။ မိမိ သွားချင်သောခရီးကို သွားနိုင်သည်။ မိမိ ဆည်းပူးလိုသော ပညာကို ဆည်းပူးလိုသည်။ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို လုပ်ဆောင်နိုင်ပါသည်။ မိမိ လုပ်လိုသော ကိစ္စများကို လုပ်ဆောင်ရသဖြင့် လူသည် စိတ်ချမ်းသာ ပျော်ရွှင်ရပေသည်။ ထို့ကြောင့် ပျော်ရွှင်မှုကို ငွေနှင့် ရှာနိုင်သည် ဟူသောအဆိုမှာ မှန်ကန်သည်ဟု ထောက်ခံရေးသားလိုက်ရပေသည်။

❒

mgyoe.com

mgyoe.com SAMPLE BOOK

## ပျော်ရွှင်မှုကို ငွေနှင့် မရှာနိုင်

ကမ္ဘာပေါ်ရှိ မည်သည့် လူမျိုးမဆို ပျော်ရွှင်မှုကို လိုချင်ကြပါသည်။ စိတ်ဆင်းရဲကြေကွဲမှုကို မလိုလားကြပေ။ ပျော်ရွှင်မှုတစ်ခုကို လုပ်ဆောင်ပြီးတိုင်း နောက်ထပ်ပျော်ရွှင်မှုကို ဖန်တီးတတ်ကြပါသည်။ မြန်မာလူမျိုးတို့သည်လည်း ပျော်ရွှင်မှုကို နှစ်သက်ကြပါသည်။ (၁၂) လရာသီ ပွဲတော်များ၊ ဘုရားပွဲတော်များ၊ အထိမ်းအမှတ်ပွဲများ ကျင်းပပြီး ပျော်ရွှင်ကြလေ့ ရှိပါသည်။ မိသားစုအလိုက်လည်း ပျော်ရွှင်မှုကို ဖန်တီးကြသည်။ မိသားစုအလိုက် ခရီးသွားခြင်း၊ အလှူအတန်း ပြုခြင်းတို့ကို လုပ်ဆောင်ပြီး ပျော်ရွှင်မှုကို ဖန်တီးကြသည်။ ပျော်ရွှင်မှုကို ရှာဖွေရာတွင် ငွေသည် လိုအပ်ပါသည်။ သို့ရာတွင် ငွေသည် သုံးစွဲမှု သက်သက်သာ ဖြစ်ပြီး မိသားစု အသိုင်းအဝိုင်း ချစ်ခင်ရင်းနှီးမှုသည်သာ ပဓာနကျပါသည်။ လူမျိုးအချင်းချင်း ချစ်ခင်မှု မရှိခြင်း၊ မိသားစုအတွင်း မေတ္တာတရား မရှိလျှင် ငွေမည်မျှ ရှိစေကာမူ ပျော်ရွှင်မှု မရှိနိုင်ပေ။ ထို့ကြောင့် ပျော်ရွှင်မှုကို ငွေနှင့် မရှာနိုင်ဟူသော အဆိုကို ထောက်ခံပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော မိသားစုဝင်များတွင် ပျော်ရွှင်သော မိသားစုဝင်များလည်း ရှိကြသည်။ မပျော်ရွှင်သော မိသားစုဝင်များလည်း ရှိကြသည်။ ပျော်ရွှင်သော မိသားစုနှင့် မပျော်ရွှင်သော မိသားစုတို့ကို လေ့လာကြည့်လျှင် ငွေရှိခြင်း၊ မရှိခြင်းနှင့် မသက်ဆိုင်ပေ။ အချို့မိသားစုများသည် ငွေမရှိ၍ ဆင်းရဲသော်လည်း ချစ်ချစ်ခင်ခင် နေထိုင်၍ ပျော်ရွှင်ကြ

mgyoe.com